BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ မတ်လ | အမှတ် (၃၇)

## (၅၈) ကြိမ်မြောက် တော်လှန်ရေးနေ့ အခမ်းအနား အဲန်အယ်လ်ဒီရုံးချုပ်တွင် ကျင်းပ

**မတ်၊ (၂၇)ရက်။**

မတ်လ(၂၇)ရက်နေ့တွင် ကျရောက်သည့် (၅၈)ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးတွင် နေ့လည်(၁၂း၀၀)နာရီမှ ညနေ(၃း၀၀)နာရီခန့်အထိ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနောက် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က တော်လှန်ရေးနေ့ မိန့်ခွန်းကို ပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က တော်လှန်ရေးနေ့ဆိုသည်မှာ အပြောင်းအလဲကို လိုလားသူများ၏ လှုပ်ရှားမှုတရပ်ဖြစ်ကြောင်း၊ ဒီမိုကရေစီရရှိရေးအတွက် ကျမတို့အားလုံး လှုပ်ရှားဆောင်ရွက်နေခြင်းသည်လည်း အပြောင်းအလဲကိုလိုလားသည့် လှုပ်ရှားမှုဖြစ်သည့်အတွက် ကျမတို့အားလုံး တော်လှန်ရေးသမားများပဲဖြစ်ကြောင်းနှင့် ဖခင် ဗိုလ်ချုပ်အောင်ဆန်း



ပြောကြားခဲ့သည့်စကားများကို ကိုးကားကာ တော်လှန်ရေးကာလအတွင်း လှုပ်ရှားသူများအနေဖြင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ကြရကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းနေသည့် အချိန်တွင် အချင်းချင်း နားလည်မှုလွဲမှုများ၊ အချင်းချင်း စိတ်ဝမ်းကွဲမှုများ ရှိခဲ့ကြကြောင်း၊ ထိုသို့နားလည်မှုလွဲခဲ့၊ စိတ်ဝမ်းကွဲခဲ့ကြသည်ကို ကောင်းမွန်စွာ မဖြေရှင်းနိုင်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးရပြီးချိန်တွင် တိုင်းပြည်သည် အနိဋ္ဌာရုံအမျိုးမျိုးနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ကြောင့် ကျမတို့အားလုံး တော်လှန်ရေးသမားကောင်းများ ထားသင့်သည့်စိတ်ဓာတ်ကို ယခုကတည်းကစတင်၍ ခိုင်မြဲအောင်မွေးကြရန် လိုအပ်ကြောင်း၊ အခြေခံအားဖြင့် တဦးအပေါ် တဦး သစ္စာရှိရန်၊ တဦးအပေါ်တဦး မေတ္တာရှိရန်၊ တဦးနှင့်တဦး နားလည်မှုရှိရန် စိတ်ထားမွေးမြူရန်လိုကြောင်း၊ ထိုသို့မမွေးနိုင်ပါက အောင်မြင်သည့်ကာလရောက်သည့်အခါ ပြဿနာများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



"ငါတို့ စစ်တပ်ဟာ နိုင်ငံသူ၊ နိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ်၊
လက်နက်အားကိုး တန်ခိုးပြဖို့မဟုတ်၊
စစ်တပ်ဟာ နိုင်ငံရဲ့အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့အစေခံ မဖြစ်ရဘူး"
"လူမျိုးရေးတရားဆိုတာ ဘာလဲ၊ ကိုယ့်အမျိုးသားသာချစ်ပြီး ဒိပြင်လူမျိုးတွေကို
မုန်းတာဟာ လူမျိုးရေးတရားပဲလား၊ မဟုတ်ဘူး။ တခြားလူမျိုးတွေကို
မုန်းတာဟာ လူမျိုးရေးလို့ထင်တာ တထစ်ချမှားတယ်။ တခြားလူမျိုးတွေကို
မုန်းဖို့မလိုဘူး။ ကျုပ်တို့ နိုင်ငံအတွင်းမှာလဲ တိုင်းရင်းသားအချင်းချင်း
ဗမာပဲ၊ ရှမ်းပဲ၊ ကရင်ပဲ၊ ချင်းပဲ စသည်ဖြင့် ခွဲစရာ မလိုဘူး"

**ဗိုလ်ချုပ်အောင်ဆန်း**
**၁၉၄၄ ခု၊ ဇန်နဝါရီ(၃)ရက်။**

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများအားလုံးလိုလားသည့် ဒီမိုကရေစီပန်းတိုင်သို့ အမြန်ဆုံးရောက်ရှိရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီရရှိရေးသည် မိမိတို့ပါဝင်ဆောင်ရွက်သည့်အပေါ်မူတည်နေကြောင်း မှာကြားသွားခဲ့သည်။

အခမ်းအနားသို့ အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၊ လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ UNA ခေါ် ညီညွတ်သောတိုင်းရင်းသားမဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီပါတီ၊ ကယန်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပထမဆုံးအကြိမ် တက်ရောက်လာခဲ့ကြပြီး နိုင်ငံခြားသံတမန်များ၊ စာနယ်ဇင်းသမားများလည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် (၁၃)မျက်နှာပါ တော်လှန်ရေးနေ့ ကြေညာစာတမ်းတစောင်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။❖

## အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ရရှိမှသာ နိုင်ငံတိုးတက်မည် လူတိုင်းလူတိုင်း တိုင်းပြည်အကျိုး လုပ်ပိုင်ခွင့်ရရှိရန် အရေးကြီး



**မတ်၊ (၈)ရက်။**

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အသံလွှင့်ဌာနများ ဆက်သွယ်မေးမြန်းမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေများနှင့်စပ်လျဉ်း၍ လူထုခေါင်းဆောင်က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးမရှိဘဲ နိုင်ငံတိုးတက်လာမည်မဟုတ်ကြောင်း၊ ပြင်ပနိုင်ငံတခုကို ဖိတ်ခေါ်ခြင်းထက် အမျိုးသားအချင်းချင်း ဆွေးနွေးခြင်းသည်သာ ပိုမိုကောင်းမွန်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

အာအက်ဖ်အေအသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် လူထုခေါင်းဆောင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူ

**စာမျက်နှာ(၁၀)၊ ကော်လံ(၄)သို့ ○**

## (၁၅)နှစ်မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့




မတ်လ(၁၃)ရက်နေ့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနေ့ဖြစ်သည်။ လွန်ခဲ့သော (၁၅)နှစ်တာကာလက ဤနေ့ဤအချိန်အခါတွင် လွတ်လပ်မှုနှင့် လူ့ဂုဏ်သိက္ခာအတွက် တပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည့် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများဖြစ်ကြသော ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးသွားခဲ့ရသည်။ ထိုမှစတင်၍ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုအရေးတော်ပုံကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကြီး၏ နိဒါန်းတွင် "လူ

**စာမျက်နှာ(၁၅)၊ကော်လံ(၁)သို့ ○**

## မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ယနေ့ကာလ တပ်မတော်တာဝန်

ခရစ်သက္ကရာဇ် ၂၀၀၃ ခုနှစ်၊ မတ်လ(၂၇)ရက်နေ့သည် ဖက်ဆစ်ဂျပန်တို့ကို ပြည်သူတရပ်လုံး၏ ညီညွတ်မှုအင်အားဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သည့် (၅၈)နှစ်မြောက် တော်လှန်ရေးနေ့ အခါသမယ ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုသော် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာ့တပ်မတော်တို့ စုပေါင်းဖွဲ့စည်းထားသော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ)အဖွဲ့ချုပ်ကြီးမှ ပြည်သူလူထုတရပ်လုံး၏ ရည်မှန်းချက်ဖြစ်သော လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးအတွက် တပြည်လုံးအတိုင်းအတာအားဖြင့် ဆင်နွှဲလိုက်သော နိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုကြီးလည်းဖြစ်ပါသည်။ ခေတ်သစ်မြန်မာ့သမိုင်း၏ ပထမလွတ်မြောက်ရေးကြိုးပမ်းမှုအဖြစ် မှတ်တမ်းတင်ရမည်လည်း ဖြစ်သည်။

လွန်ခဲ့သော (၅၈)နှစ်က ဆင်နွှဲခဲ့သော လွတ်လပ်ရေးကြိုးပမ်းမှု၏ အသီးအပွင့်အဖြစ် လွတ်လပ်ရေးကို သဏ္ဌာန်အရ ရရှိခဲ့သော်လည်း၊ နှစ်ပေါင်း(၄၀)ကြာ စစ်အာဏာရှင်တို့၏ ဗိုလ်ကျစိုးမိုးမှုကြောင့် ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးနှင့် အနှစ်သာရအရ ရှိသင့်ရှိထိုက်သော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော လွတ်လပ်ခွင့်အသီးသီးမှာ ဆုံးရှုံးခဲ့ရသည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံအဆင့်သို့ လျှောကျ နိမ့်ဆင်းရုံမက ကမ္ဘာ့အလယ်တွင် ကဏ္ဍအသီးသီး၌ မျက်နှာငယ်စွာ ညှိုးငယ်နွမ်းခြောက်လျက်ရှိနေခဲ့ရသည်။ လက်တဆုပ်စာ စစ်အာဏာရှင်များကတဘက်၊ အဖိနှိပ်ခံ ပြည်သူလူထုကြီးတရပ်လုံးကတဘက် ဖြစ်ပွားနေသော မြန်မာပြည်တွင်း ပဋိပက္ခသည် တစထက်တစ ပိုမိုနက်ရှိုင်းလာရုံမျှမက တိုင်းပြည်ပြိုကွဲပျက်သုဉ်းမည့်ဘက်ဆီသို့ တဖြည်းဖြည်း ဦးတည်နေသည်ကို စိုးရိမ်ထိတ်လန့်ဖွယ်ရာ တွေ့မြင်နေရသည်။

ဤနေရာတွင် တပ်မတော်၏ အခန်းကဏ္ဍကို သေချာစွာ စိစစ်လေ့လာပါမှ မြန်မာပြည်ပဋိပက္ခကို မှန်ကန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ပေသည်။ တပ်မတော်သည် ယခုကာလ၌ လူနည်းစုစစ်အာဏာရှင်များ၏ လွှမ်းမိုးခြယ်လှယ်မှုကို ခံနေရသည့်အပြင် စစ်အာဏာရှင်တို့၏ အကျိုးစီးပွားအတွက် အဓိကဒေါက်တိုင်အဖြစ် လှုပ်ရှားရပ်တည်နေရသည်မှာ မှန်သော်လည်း တပ်မတော်၏ အာဏာကို ချုပ်ကိုင်ထားသော ဗိုလ်ချုပ်များမှအပ ကျန်တပ်မှူးတပ်သားများသည် ပြည်သူလူထုကဲ့သို့ပင် အဖိနှိပ်ခံနေရသောသူများဖြစ်ပေသည်။ သို့ပါ၍ တပ်မတော်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်နေသော လက်တဆုပ်စာဗိုလ်ချုပ်များကို အထီးကျန်ဖြစ်စေ၍ ကျန်တပ်မှူးတပ်သားများအား ပြည်သူလူထု၏ ဖိနှိပ်ခံဘဝကို နားလည် စာနာလာစေလျက် ပြည်သူလူထုဘက်သို့ ကူးပြောင်းလာစေရေးကို အဓိကလုပ်ငန်းစဉ်သဖွယ် ချမှတ်လုပ်ဆောင်ရန် လိုအပ်လျက်ရှိပေသည်။ တနည်းအားဖြင့် တပ်မတော်ကို ပြည်သူ့အကျိုးပြုတပ်မတော်အဖြစ် အသွင်ပြောင်းလဲပစ်ရေးသည် ယနေ့ကာလ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးတိုက်ပွဲကြီး၏ အခြေခံနည်းနာလည်း ဖြစ်ပေသည်။

ယခုဆင်နွှဲနေသော စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသည် လွန်ခဲ့သည့် (၅၈)နှစ်ကာလက ဗမာပြည်မျိုးဆက်ဟောင်းများ ဆင်နွှဲခဲ့သည့် ဖက်ဆစ်တော်လှန်ရေးကြီး၏ ကွင်းဆက်ဖြစ်သည့် မပြီးပြတ်သေးသော တော်လှန်ရေးအမွေအနှစ်လည်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားခဲ့သကဲ့သို့ ဒုတိယမြောက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွင် ပြည်သူလူထုတရပ်လုံးနှင့် ပူးပေါင်းလျက် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့သည့်နည်းတူ ဤဒုတိယလွတ်မြောက်ရေးတိုက်ပွဲတွင်လည်း အဖိနှိပ်ခံပြည်သူတရပ်လုံးနှင့် ပူးပေါင်းလက်တွဲလျက် စစ်တပ်ကို ကိုယ်ကျိုးအတွက် လွဲမှားစွာ အသုံးချနေသော စစ်ဗိုလ်ချုပ်တစုအား တော်လှန်တိုက်ပွဲဝင်ရန် အချိန်အခါကျရောက်ပြီဖြစ်ပါကြောင်း တင်ပြရပေသည်။

## ပြည်သူသာ အဓိက
## ပြည်သူသာအဓိက

## အနာဂတ်မြန်မာ့တပ်မတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် အင်္ဂါရပ်များ

(၁) တိုင်းရင်းသားပြည်သူတရပ်လုံး အမှန်တကယ် သွေးစည်းညီညွတ်မှုရှိရမည်။ တိုင်းပြည်တွင်းတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ကွဲပြားနေမည်ဆိုပါလျှင် မည်သည့်တပ်မတော်မျိုးမဆို တိုင်းပြည်ကို ကာကွယ်ပေးနိုင်လိမ့်မည် မဟုတ်ပေ။

(၂) တပ်မတော်သည် တိုင်းရင်းသားလူမျိုးများအသီးသီး (တိုင်းရင်းသားလူမျိုးစုများအပါအဝင်)တို့ဖြင့် ဖွဲ့စည်းထားသော လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး ပါဝင်သည့် တပ်မတော်ဖြစ်ရမည်။

(၃) မိမိကိုင်တွယ်ရသော လက်နက်များကို လေ့ကျင့်ခြင်းအားဖြင့် တတ်ကျွမ်းနေရမည်။

(၄) တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်နိုင်ရန် တပ်သား၊ တပ်ကြပ်၊ အရာရှိများအနေဖြင့်လည်း ဒီမိုကရေစီပြည်ထောင်စုကြီးကို စိတ်ဓာတ်အပြည့်အဝနှင့် ကာကွယ်နိုင်ရန် လေ့ကျင့်မှုရှိရမည်။

(၅) ဒီမိုကရေစီပြည်ထောင်စုကြီးတွင် အဆင့်အားလုံးသော တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုများ ဂုဏ်သိက္ခာရှိစွာဖြင့် လူ့ဘုံအလယ်တွင် ရပ်တည်နိုင်ရန်အတွက် အာမခံချက်ရှိရမည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**၅၈ နှစ်မြောက် တော်လှန်ရေးနေ့ ကြေညာစာတမ်းမှ ...**

# နအဖ၏တပ်မတော်နေ့အခမ်းအနား လုံခြုံရေး ထူထပ်စွာ ချခဲ့ရ

**မတ်၊ (၂၇)ရက်။**

နအဖစစ်အုပ်စုက ပြုလုပ်သည့် (၅၈)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံတွင် ယခင်နှစ်များနှင့်မတူ တမြို့လုံး လုံခြုံရေးအစောင့်များ တင်းကျပ်စွာချ၍ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး၏ (၁၀)မိနစ်ကြာမိန့်ခွန်းစကားကို မြန်မာ့ရုပ်သံဝန်ထမ်းတဦးက ကိုယ်စားဖတ်ကြားပေးခဲ့ရာ မိန့်ခွန်းတွင် တပ်မတော်၏ ကိုယ်ပိုင်ရပ်တည်ချက်မှာ အမျိုးသားရေးဝါဒဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ယူလိုက်ရသည့်အချိန်တွင်မှစ၍ မှန်ကန်စွာ ဦးဆောင်ခဲ့သည့်အတွက် လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာခဲ့ကြကာ ပူးပေါင်းဆောင်ရွက်လာကြသည့်အတွက် နယ်စပ်ဒေသများတွင် အံ့ဩလောက်အောင် နေ့ချင်းညချင်းတိုးတက်ဖွံ့ဖြိုးလာနေကြောင်း၊ ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ညွှန်းကိန်းများမှာလည်း မျှော်မှန်းထားသည်ထက် များစွာသာလွန်နေကြောင်း ပြောကြားသွားပြီး၊ တပ်မတော်ကို ခေတ်မီတပ်မတော်တရပ်အဖြစ် တည်ဆောက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းလုပ်ဆောင်သွားကြရန် အဓိကထား ပြောကြားသွားခဲ့သည်ဟု သိရသည်။

သို့ရာတွင် ဗိုလ်ချုပ်မှူးကြီး၏မိန့်ခွန်း၌ မြန်မာ့နိုင်ငံရေးအခြေအနေအရ အရေးကြီးဆုံး လိုအပ်နေသည့် ဆွေးနွေးပွဲများကိစ္စကို တလုံးတပါဒမှ ထည့်သွင်းပြောကြားသွားခြင်း မရှိခဲ့ပေ။

ဗိုလ်ချုပ်မှူးကြီး၏မိန့်ခွန်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က နအဖအနေဖြင့် အဲန်အယ်လ်ဒီအပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရန် လောလောဆယ် အစီအစဉ်မရှိသေးသည်ကို ထင်ဟပ်နေကြောင်း ပြောဆိုသွားခဲ့သည်။

ထိုအခမ်းအနားသို့ နအဖ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး တက်ရောက်လာခြင်း မရှိခဲ့ချေ။

❖ ❖ ❖

# ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးကျင်းပ

**မတ်၊ (၉)ရက်။**

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒုတိယအမတ်နေရာ အများဆုံးရရှိခဲ့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၏ ဗဟိုကော်မတီအစည်းအဝေးကို မတ်လ(၈)ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည့် ထိုအစည်းအဝေးတွင် လွှတ်တော်အမတ်များအပါအဝင် ရှမ်းပြည်နယ်မြို့နယ်ပေါင်းစုံမှ ကိုယ်စားလှယ် (၂၁)ဦး တက်ရောက်ခဲ့ပြီး၊ မကြာသေးမီက ဖမ်းဆီးခံရသူ (SNLD) အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကိစ္စနှင့် ပါတီတာဝန်များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ကြပြီး ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဖမ်းဆီးခြင်းခံထားရသူ ဦးစိုင်းညွန့်လွင်၏ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းမပြုလုပ်ဘဲ ၎င်း၏ တာဝန်များကို အတွင်းရေးမှူးအဖွဲ့ဝင် (၄)ဦးတို့က ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း (SNLD) ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောကြားခဲ့သည်။ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၎င်းက ပြောကြားခဲ့ရာတွင် (SNLD)သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နည်းတူ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ ဗန်းမော် စသည့် ပြည်နယ်နှင့် မြို့နယ်များသို့ စည်းရုံးရေးဆင်းမည် ဖြစ်ကြောင်း သိရသည်။

ထိုအစည်းအဝေးသို့ ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။ ❖



# မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌကြီး နိုင်ရွှေကျင် ကွယ်လွန်



မွန်ပြည်သစ်ပါတီ
ဥက္ကဋ္ဌကြီး
နိုင်ရွှေကျင်

**မတ်၊ (၈) ရက်။**

မြန်မာစစ်အစိုးရနှင့်အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ရွှေကျင်သည် မတ်လ(၇)ရက် နံနက်(၁း၃၀)နာရီအချိန်ခန့်က မော်လမြိုင်မြို့တွင် ကွယ်လွန်သွားပြီဖြစ်သည်။ နိုင်ရွှေကျင်သည် ကွယ်လွန်ချိန်တွင် အသက်(၉၁)နှစ် ရှိပြီဖြစ်သည်။

ဥက္ကဋ္ဌကြီးနိုင်ရွှေကျင် ကွယ်လွန်သွားသည့်အတွက် ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောဘသင်က ဝမ်းနည်းကြောင်း ပြောဆိုခဲ့ပြီး မိမိတို့သည် လုပ်ဆောင်ချက်အရ သဘောထားကွဲလွဲမှုတွေ ရှိခဲ့ကြသော်လည်း အယူအဆရေးရာတွင် အတူတူသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ယခုလို ဥက္ကဋ္ဌကြီးနိုင်ရွှေကျင် ကွယ်လွန်သွားခဲ့သည့်အတွက် မွန်ပြည်သစ်ပါတီ၏ ရပ်တည်ချက် တစုံတရာ ထိခိုက်ပြောင်းလဲသွားမည် မဟုတ်ကြောင်း ပါတီတွဲဘက်အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောကြားခဲ့သည်။

**ဥက္ကဋ္ဌကြီးနိုင်ရွှေကျင်၏ ကိုယ်ရေးရာဇဝင်အကျဉ်း**

မွန်ပြည်သစ်ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သွားခဲ့သည့် နိုင်ရွှေကျင်ကို ၁၉၁၃ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် မော်လမြိုင်မြို့နယ် ထယ်ကသောရွာတွင် မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး၊ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်ကပင် မွန်ပြည်သူ့တပ်ဦး(MPF)တွင် စတင်ပါဝင်ခဲ့၍ မွန်အမျိုးသားများ၏အရေးကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က(Mon Freedom League)ကို စတင်ထူထောင်ခဲ့ပြီး ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

၁၉၅၀ ပြည့်လွန်နှစ်များအတွင်း လက်နက်ကိုင်တော်လှန်ရေး စတင်သောအခါ နိုင်အောင်ထွန်းဦးဆောင်သည့် (MPF)တွင် ကာကွယ်ရေးနှင့် မဟာမိတ်ဆက်ဆံရေး တာဝန်ကိုယူခဲ့သည်။ ၁၉၅၈ ခုနှစ် ဝန်ကြီးချုပ်ဦးနု၏ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေးအား (MPF)က လက်ခံလိုက်သည့်အခါ နိုင်ရွှေကျင်သည် အခြားမွန်ခေါင်းဆောင်များနှင့်အတူ တောတွင်းတွင် ဆက်လက်ကျန်နေခဲ့ပြီး မွန်ပြည်သစ်ပါတီကို ၁၉၅၈ ခု၊ ဇူလိုင်(၂၀) ရက်နေ့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။

ထို့နောက်ပိုင်း မွန်ပြည်သစ်ပါတီသည် တဖြည်းဖြည်းအင်အားရှိလာပြီး ၁၉၇၀ ခုနှစ် ဝန်ကြီးချုပ်ဟောင်းဦးနုက ဦးနေဝင်းအစိုးရကို လက်နက်ကိုင်တော်လှန်သည့်အချိန်တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ တပ်ပေါင်းစုကို ဖွဲ့စည်းခဲ့ကြသည်။

ထို့နောက်ပိုင်းတွင် မွန်ပြည်သစ်ပါတီသည် အများဆန္ဒအရ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနှင့်သာဖြေရှင်းရန် ရွေးချယ်ခဲ့သည့်အတွက် ၁၉၉၅ ခုနှစ်တွင် မြန်မာစစ်အုပ်စုနှင့် အပစ်အခတ် ရပ်စဲခဲ့သည်။ ❖

# ဆွေးနွေးပွဲအတွက် လုံလောက်သည့် အချိန်ပေးရန် နအဖ ပြော

**မတ်၊ (၁၅)ရက်။ [ဘီဘီစီ]**

မြန်မာ့နိုင်ငံရေး တိုးတက်ပြောင်းလဲမှုများဖြစ်လာရန် နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အဲန်အယ်လ်ဒီနှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် မြန်မာပြည်သူလူထုကြီးတရပ်လုံးက အဆက်မပြတ် တောင်းဆိုနေသော်လည်း ဆွေးနွေးပွဲအလားအလာမှာ မှေးမှိန်ရပ်တန့်နေဆဲဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့အရေးကျွမ်းကျင်သူ လယ်ရီဂျေဂင်က ရန်ကုန်မြို့တွင် နအဖ သတင်းထုတ်ပြန်ရေးကော်မတီမှ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီးလှမင်းနှင့် မကြာခင်က တွေ့ဆုံမေးမြန်းခဲ့ရာ“ဆွေးနွေးပွဲတွေဟာ ရှိနေတုန်းပါပဲ။ ဒါဟာ ရေရှည်လုပ်ငန်းတခုပါ။ အဲန်အယ်လ်ဒီပါတီအနေနဲ့လည်း ပြန်လည်ပြုပြင်ရေးအပိုင်းတွင် အများကြီးလုပ်စရာ ရှိနေသေးသလို၊ အစိုးရဘက်မှာလည်း စဉ်းစဉ်းစားစားနဲ့ လုပ်ကိုင်စရာတွေ ရှိပါသေးတယ်။ ကျနော်တို့အနေနဲ့ လေးနက်မှုမရှိဘဲ နိုင်ငံရေးအသွင်ကူးပြောင်းမှုဆီ မသွားခင်မှာ လုပ်စရာတွေ အခြေခံပြင်ဆင်မှုတွေလုပ်ဖို့ လိုပါသေးတယ်။ ဒါကြောင့်မို့လို့ အခြေခံကျတဲ့ ဆောင်ရွက်မှုတွေ ပြုလုပ်တဲ့အခါမှာ တချို့နိုင်ငံတွေအနေနဲ့ လုံလောက်တဲ့အချိန်ပေးဖို့ လိုအပ်တယ်လို့ ကျနော်ထင်ပါတယ်။ ဒါပေမယ့် အားပေးအားမြှောက်မှုပြုရမယ့်အစား ပိတ်ဆို့အရေးယူမှု၊ ဒဏ်ခတ်အရေးယူမှု စတာတွေနဲ့ပဲ ခြိမ်းခြောက်နေတာ တွေ့ရပါတယ်”ဟု ပြောကြားသွားခဲ့သည်။

❖ ❖ ❖

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နအဖနှင့် ဆွေးနွေးရန် ထိုင်းစစ်တပ်က ဖိအားပေးမည်မဟုတ်

**မတ်၊ (၁၁) ရက်။ [ဘီဘီစီ]**

မြန်မာစစ်အစိုးရနှင့် စေ့စပ်ဆွေးနွေးလာစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် ထိုင်းစစ်တပ်က ဖိအားပေးမည် မဟုတ်ကြောင်း ထိုင်းကြည်းတပ် အမှတ်(၃) တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဥဒုံချိုင်းက ပြောကြားလိုက်သည်။

ယခုအခါ ထိုင်းကြည်းတပ် အမှတ်(၃)မှ တာဝန်ယူရသည့် ထိုင်း–မြန်မာနယ်ခြားတလျှောက်လုံးတွင် မူးယစ်ဆေးဝါး မဝင်ရောက်နိုင်ရန် ထိန်းချုပ်ထားနိုင်ပြီဖြစ်သည့်အပြင် (UWSA) ‘ဝ’ တပ်ဖွဲ့များနှင့်ပါ ထိပ်တိုက်ရင်ဆိုင်မှုများ မရှိတော့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ထိုင်းစစ်တပ်အနေဖြင့် နယ်စပ်ဒေသတွင် အပစ်အခတ်ရပ်စဲသွားပြီး ငြိမ်းချမ်းရေးပေါ်ထွန်းလာစေရေးကို လိုလားလိမ့်မည်ဆိုသည်ကို လက်ခံထားပြီးဖြစ်သော်လည်း မြန်မာအစိုးရနှင့် ယခင်ကထက် ပိုမို နီးနီးကပ်ကပ် ဆက်ဆံလာသည့် ထိုင်းအစိုးရကမူ ၎င်းတို့ကို ဆွေးနွေးပွဲစားပွဲဝိုင်းသို့ မရောက်ရောက်အောင် ဖိအားပေးလာမည့်အပေါ် စိုးရိမ်မှုများရှိနေခဲ့ကြသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးဥဒုံချိုင်းက “မိမိတို့အနေဖြင့် တိုင်းရင်းသားအဖွဲ့များအပေါ် ဖိအားပေးရန် အကြောင်းမရှိကြောင်း၊ အထူးသဖြင့် ကေအဲန်ယူ၊ အက်စ်အက်စ်အေနှင့် ကေအဲန်ပီပီအဖွဲ့အစည်းများအပေါ်တွင် ဖိအားပေးမည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာအစိုးရအား ထိုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းကြိုးပမ်းနေကြောင်း”ပြောကြားသွားခဲ့သည်။

မြန်မာစစ်အုပ်စုက တောတွင်းတွင် ဆက်လက်ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် မူဝါဒသဘောထား မပြောင်းလဲကြောင်း၊ ဥပဒေဘောင်တွင်း ဝင်ရောက်လာမည်ဆိုပါက လက်ကမ်းကြိုဆိုမည်ဖြစ်ကြောင်းသာ ပြောကြားခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံမှ ကြားဝင်စေ့စပ်ပေးလိုသည် ဆိုသည့်အပေါ်တွင် တစုံတရာ ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိချေ။

ယခုအခါ ထိုင်းစစ်တပ်က မြန်မာနိုင်ငံဘက်မှ မူးယစ်ဆေးဝါးစီးဝင်မှုကို ထိန်းချုပ်တားဆီးထားနိုင်ပြီဖြစ်ကြောင်း ပြောဆိုခဲ့ပြီး လက်နက်ကိုင်‘ဝ’တပ်ဖွဲ့များကိုလည်း မြန်မာအစိုးရမှတဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုကို စွန့်လွှတ်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ထိုင်းကြည်းတပ်က ပြောကြားသွားသည်။

ထို့ပြင် ထိုင်း–မြန်မာနှစ်နိုင်ငံကြား နှစ်ရှည်လများ အငြင်းပွားနေခဲ့သည့် လွယ်လန်းခေါ် ရှမ်းပြည်နယ်စပ် တောင်ကုန်းဒေသကိုလည်း နှစ်နိုင်ငံနယ်ခြားကော်မတီ ဖွဲ့ပြီးပါက မြန်မာဘက်ကပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ခဲ့လျှင် ထိုင်းစစ်တပ်များဆုတ်ခွာပေးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဥဒုံချိုင်းက ဆိုသည်။ ❖

# တိုင်းရင်းသားစစ်ရေးမဟာမိတ်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် နအဖ လက်မခံ

**မတ်၊ (၁၁)ရက်။**

တိုင်းရင်းသားလက်နက်ကိုင် စစ်ရေးမဟာမိတ်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို နအဖက လက်ခံမည်မဟုတ်ကြောင်း စစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက ပြောကြားလိုက်သည်။



**စစ်ထောက်လှမ်းရေးဒုတိယအကြီးအကဲ**
**ဗိုလ်ချုပ်ကျော်ဝင်း**

ထိုင်း–မြန်မာနယ်စပ်ရှိ စစ်အစိုးရအပေါ် လက်နက်ကိုင်ဆန့်ကျင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင် စစ်ရေးမဟာမိတ်များဖြစ်ကြသည့် ကေအဲန်ယူ၊ ကေအဲန်ပီပီ၊ အက်စ်အက်စ်အေ၊ အေအယ်လ်ပီနှင့် စီအဲန်အက်ဖ်တို့သည် ထိုင်းနိုင်ငံက ကြားဝင်စေ့စပ်ပေးမည့် တွေ့ဆုံဆွေးနွေးရေး အကြံပြုချက်ကို ကြိုဆိုပါကြောင်း ကြေညာခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့က စစ်အစိုးရနှင့် ဆွေးနွေးရာတွင် တဖွဲ့ချင်းအလိုက် ဆွေးနွေးမည် မဟုတ်ကြောင်း ၎င်းတို့၏ သဘောထားကိုပါ အတိအလင်း ဖော်ပြခဲ့ကြသည်။

ထိုကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်း နအဖစစ်အုပ်စု၏ ထောက်လှမ်းရေးအကြီးအကဲတဦးဖြစ်သူ ဗိုလ်ချုပ်ကျော်ဝင်းက ၎င်း၏ နယ်စပ်ဒေသခရီးစဉ်တခုအတွင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မိမိတို့အနေဖြင့် ထိုစစ်ရေးမဟာမိတ်အဖွဲ့နှင့် ဆွေးနွေးမည် မဟုတ်ကြောင်း၊ မိမိတို့သည် အဖွဲ့အစည်းတခုချင်းနှင့်သာ အပစ်အခတ်ရပ်စဲရေးကိစ္စကို ဆွေးနွေးမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့ပြင် အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးဖြစ်သည့် အဖွဲ့အစည်းများမှ ခွဲထွက်သွားသည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးမည် မဟုတ်ကြောင်း၊ အက်စ်အက်စ်အေ ရှမ်းပြည်တပ်မတော်သည် နအဖနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူထားပြီးဖြစ်သည့် ရှမ်းတပ်ဖွဲ့မှ ခွဲထွက်သွားသည့်အတွက် လက်နက်ချခြင်းက လွဲပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှာ မဟုတ်ကြောင်း ပြောကြားသွားခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ နန်းခေးဆန်က အက်စ်အက်စ်အေသည် ရှမ်းပြည်နယ်တွင်းကအဖွဲ့များ စေ့စပ်ဆွေးနွေးခဲ့ကြသော်လည်း အေးချမ်းမှုမရသည့်အတွက် ရှမ်းပြည်တပ်မတော် ပေါ်ပေါက်ခဲ့တာဖြစ်ကြောင်း ပြောကြားသွားပြီး အက်စ်အက်စ်အေသည် ခွဲထွက်အဖွဲ့တဖွဲ့ မဟုတ်ကြောင်း ရှင်းလင်းပြောကြားသွားခဲ့သည်။

၎င်းက တိုင်းရင်းသား စစ်ရေးမဟာမိတ်အဖွဲ့နှင့် မဆွေးနွေးနိုင်ကြောင်း နအဖ၏ ပြောဆိုချက်အပေါ် တုံ့ပြန်ပြောကြားသွားရာတွင် နအဖသည် တိုင်းပြည်ကို အမှန်တကယ် အေးချမ်းလိုစိတ်မရှိသည်မှာ ပေါ်လွင်နေကြောင်း ပြောသွားခဲ့သည်။



**ကရင်နီတိုးတက်ရေးပါတီ**
**အတွင်းရေးမှူး ဦးရီမွန်ထူး**

ထို့အတူ ကေအဲန်ပီပီ ကရင်နီတိုးတက်ရေးပါတီ အတွင်းရေးမှူး ဦးရီမွန်ထူးကလည်း “တကယ်လို့ ကျနော်တို့ ငါးဖွဲ့လုံးနဲ့ မတွေ့ဘူးဆိုရင် ဒါ သူတို့ရဲ့စေတနာ မမှန်ဘူး၊ တဖွဲ့ချင်းကတော့ အဓိပ္ပာယ်မရှိဘူး၊ တဖွဲ့ချင်းဆိုတာက သူတို့လိုချင်တဲ့ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တာက လွဲလို့ ဘာမှမလိုပါဘူး၊ တကယ်နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းချင်တယ်ဆိုရင် ဒီငါးဖွဲ့ကို လက်ခံရမယ်၊ လက်မခံဘူးဆိုရင် သူတို့စေတနာ မမှန်ဘူး”ဟု ပြောကြားသွားခဲ့သည်။ ❖

**စစ်မှန်၍ နိုင်ငံရေးအရ အဓိပ္ပာယ်ပြည့်ဝသော**
**တွေ့ဆုံ ဆွေးနွေးပွဲပေါ်ပေါက်ရေးမှသည်၊**
**အမျိုးသားသွေးစည်း ညီညွတ်မှုရှိသည့်**
**ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာသည်အထိ**
**ပြည်သူတရပ်လုံး ပါဝင်ကြိုးပမ်းကြ။**

# စစ်ကို ဆန့်ကျင်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို မြှင့်တင်







စစ်ပွဲတိုင်းမှာ အရပ်သူအရပ်သားများရဲ့ သေဆုံးမှုဟာ စစ်ပွဲမှာ ပါဝင်တိုက်ခိုက်သူဦးရေ အရေအတွက်ထက် အမြဲများပြားနေတာဖြစ်ပါတယ်။

အမေရိကန်ဦးဆောင်တဲ့ ညွန့်ပေါင်းတပ်ဖွဲ့များဟာ ၂၁ ရာစုရဲ့ ခေတ်မီဆန်းပြားဆုံး စစ်လက်နက်ကိုသုံးပြီး အီရတ်ကို စစ်ဆင်တိုက်ခိုက်ခဲ့တာ အခုလ (၂၆)ရက်နေ့ဆိုရင် (၁)ပတ်ပြည့်သွားပြီဖြစ်ပါတယ်။

အဲ့ဒီကာလအတွင်းမှာ အမေရိကန်စစ်သား(၂၇)၊ ဗြိတိန်စစ်သား(၂၀)၊ အီရတ်စစ်သား(၁၀၀)၊ သတင်းထောက် (၂)ဦးနဲ့ အပြစ်မဲ့အရပ်သူအရပ်သား (၁၆၄)ဦး အပါအဝင် စုစုပေါင်း (၃၁၃)ဦး သေဆုံးတယ်လို့ သတင်းများအရ သိရှိရပါတယ်။ ဒီစာရင်းများအရဆိုရင် စစ်ပွဲကြောင့် သေဆုံးသူဦးရေရဲ့ (၅၂%)ကျော်ဟာ အရပ်သားများဖြစ်နေတာ တွေ့ရတယ်။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်အပါအဝင် စစ်ပွဲတိုင်းမှာ အရပ်သူအရပ်သားများရဲ့ သေဆုံးမှုဟာ စစ်ပွဲမှာ ပါဝင်တိုက်ခိုက်သူဦးရေ အရေအတွက်ထက် အမြဲများပြားနေတာဖြစ်ပါတယ်။ စစ်ပွဲရှည်ကြာလာတာနဲ့အမျှ အပြစ်မဲ့ပြည်သူတွေ သေကြေမှု ဘယ်လောက်များမယ်ဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်ပါ။

ဒီအချက်ကြောင့် ကျနော်တို့ဟာ ဒီစစ်ပွဲ ဘာကြောင့်ဖြစ်ရသလဲ၊ ဘယ်သူတွေကြောင့်၊ ဘာ့ကြောင့် ဒီစစ်ပွဲကို မတားဆီးနိုင်သလဲဆိုတာ ဆန်းစစ်ကြည့်ဖို့ လိုအပ်လာပါတယ်။

ဒီစစ်ပွဲဟာ ပထမအကြိမ် ပင်လယ်ကွေ့စစ်ပွဲတုန်းကလို ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်နဲ့ တိုက်တဲ့စစ်ပွဲမဟုတ်ပါဘူး။ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာ(၆)ရက်နေ့က ရုရှသမတ ဗလာဒီမာပူတင်က ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အာဏာသက်ရောက်မှု မပါဘဲ အီရတ်အပေါ် ဆင်နွှဲတဲ့စစ်ပွဲဟာ အပြည်ပြည်ဆိုင်ရာ တရားဥပဒေကို ချိုးဖောက်ရုံသာမက၊ ပါရှန်ပင်လယ်ကွေ့နဲ့ အရှေ့အာရှမှာ ဆိုးဝါးပြင်းထန်တဲ့ အကျိုးဆက်တွေဆီကို ဦးတည်နေလိမ့်မယ်လို့ ပြောပြီး ကန့်ကွက်ခဲ့ပါတယ်။

ဒီစစ်ပွဲဖြစ်ရတဲ့ဖြစ်စဉ်ကို လေ့လာကြည့်ရင် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ(၁၀–၁၁)ရက်နေ့တွေမှာ လိုအပ်ရင် အီရတ်ကို အင်အားသုံးဖြေရှင်းဖို့ ဘုရှ်အစိုးရကို အာဏာပေးတဲ့ ဆုံးဖြတ်ချက်တခုကို အမေရိကန်ကွန်ဂရက်က ချမှတ်ခဲ့တယ်။

နိုဝင်ဘာ(၈)ရက်နေ့မှာဆိုရင် အီရတ်အစိုးရအနေနဲ့ ပိတ်ပင်တားဆီးထားတဲ့ လက်နက်များကို ခြွင်းချက်မရှိ ရှာဖွေခွင့် ပေးရမယ်ဆိုတဲ့ ကုလသမဂ္ဂဆုံးဖြတ်ချက် အမှတ်(၁၄၄၁)ကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့တယ်။ နိုဝင်ဘာ(၁၃)ရက်နေ့မှာ အီရတ်က ကုလသမဂ္ဂဆုံးဖြတ်ချက် အမှတ်(၁၄၄၁)ကို လိုက်နာပါမယ်ဆိုပြီး ကုလသမဂ္ဂကို အကြောင်းကြားလာခဲ့တယ်။ နိုဝင်ဘာ(၂၄)ရက်မှာတော့ (၄)နှစ်ကြာ ရပ်ဆိုင်းထားတဲ့ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးလုပ်ငန်း ပြန်စတင်ပါတော့တယ်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်နေ့မှာတော့ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ် ဟာန်းစ်ဘလစ်က သူရဲ့အစီရင်ခံစာ တင်သွင်းရာမှာ အီရတ်နိုင်ငံရဲ့ပူးပေါင်းမှုပုံဟာ နှိုင်းယှဉ်ချက်အရ ပိုကောင်းလာတယ်၊ ဒါပေမယ့် ပူးပေါင်းဆောင်ရွက်မှုဟာ မပြည့်စုံဘူးလို့ အစီရင်ခံခဲ့ပါတယ်။

မတ်လ(၇)ရက်နေ့မှာ တင်သွင်းတဲ့ ဘလစ်ရဲ့ အစီရင်ခံစာမှာတော့ အီရတ်ဟာ ခေတု (သို့) နျူကလီးယားလက်နက်များ ထုတ်လုပ်တယ်၊ သိမ်းဆည်းထားတယ်ဆိုတဲ့ အထောက်အထားတွေကို စစ်ဆေးရေးမှူးတွေက မတွေ့ရဘူးလို့ တင်ပြလိုက်ပြီး ပိုမိုပြီး ကွပ်ကဲကြီးကြပ်နိုင်ဖို့အတွက် စုံစမ်းရေးမှူးတွေ ပိုလွှတ်ဖို့ လိုအပ်တယ်လို့ တောင်းဆိုခဲ့ပါတယ်။

မတ်လ(၈)ရက်နေ့မှာ NBC နဲ့လုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းမှာတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်က ကုလသမဂ္ဂဟာ အီရတ်ကို လက်နက်ဖြုတ်ဖို့ မတ်လ(၁၇)ရက်နေ့ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်တဲ့ ဆုံးဖြတ်ချက်မချနိုင်ခဲ့ရင် (၁၇)ရက်နေ့မတိုင်ခင် အီရတ်ကို စစ်တိုက်ရမယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မတ်လ(၁၀)ရက်နေ့မှာ ရုရှနဲ့ ပြင်သစ်က အီရတ်ကို စစ်ရေးအရ အရေးယူဖို့ ကုလသမဂ္ဂက ဆုံးဖြတ်မယ်ဆိုရင် ဗီတိုအာဏာသုံးပြီး ကန့်ကွက်မယ်လို့ သတိပေးခဲ့ပါတယ်။

ဒါပေမယ့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်မပါပဲ အမေရိကန်၊ ဗြိတိန်တို့ဟာ ဆက်ဒမ်ဟူစိန်ကို (၄၈)နာရီ ရာဇသံပေးပြီး မတ်လ(၂၀)ရက်နေ့မှာ စတင်တိုက်ခိုက်ပါတော့တယ်။ စစ်ပွဲမဖြစ်ပွားခင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်အပေါ် ဆင်နွှဲမယ့် ဒီစစ်ပွဲကို နိုင်ငံအများစုက ဆန့်ကျင်ကြတယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

တကယ်တန်းမှာတော့ ဒီ အီရတ်စစ်ပွဲအပေါ် ကမ္ဘာတဝှမ်းက ပြည်သူတွေက ဆန္ဒပြဆန့်ကျင်ခဲ့ကြပါတယ်။ အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များ ကမ္ဘာနဲ့အဝှမ်း ပြန့်နှံ့နေပြီး ပြည်သူ (၁၆)သန်းကျော် ပါဝင်တဲ့ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဟာ ဗီယက်နမ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများထက် ပိုမိုကြီးကျယ်ပါကြောင်း မျက်မြင်တွေ့ကြုံသူများရဲ့ ပြောပြချက်အရ သိရပါတယ်။

ဘာကြောင့် အမေရိကန်က အီရတ်ကို စစ်တိုက်ရတာပါလဲ ?

ဒီမေးခွန်းကို ကမ္ဘာတဝှမ်းလုံးက ပြည်သူတွေက မေးနေတဲ့ မေးခွန်းဖြစ်ပါတယ်။

---

**ကမ္ဘာ့နိုင်ငံတွေရဲ့ လိုအင်ဆန္ဒကို မျက်ကွယ်ပြုပြီး စစ်ပွဲကို မဖြစ်မနေ ဆင်နွှဲအောင် အမေရိကန်ကို ဘယ်အချက်တွေက တွန်း အားပေးခဲ့သလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတော့တယ်။**

---

**ရဲဖွင့်**

အမေရိကန်ရဲ့ဆင်ခြေက ဆက်ဒမ်ဟူစိန်ဟာ အာဏာရှင်ဖြစ်လို့၊ အဖျက်စွမ်းအားကြီးမားတဲ့ နျူကလီးယား(သို့)ခေတုလက်နက်တွေ ပိုင်ဆိုင်လို့၊ ကမ္ဘာတလွှားမှာ အကြမ်းဖက်မှုတွေ ပြုလုပ်လို့ ဖြစ်ပါတယ်တဲ့။

ဒီနေရာမှာ စဉ်းစားစရာပေါ်လာတာက ၁၉၆၀ ပြည့်နှစ်များက ကျော်ကြားတဲ့ နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် မာတင်လူသာကင်း(ဂျူနီယာ)ရဲ့ အဆိုအမိန့်ဖြစ်ပါတယ်။ သူက “အမှောင်ထုကို အမှောင်က မဖြိုခွင်းနိုင်ပါဘူး၊ အလင်းရောင်ကသာ ဖြိုခွင်းနိုင်ပါတယ်။ အမုန်းတရားကို အမုန်းတရားနဲ့ မအောင်နိုင်ဘူး၊ မေတ္တာတရားနဲ့သာ အောင်နိုင်တယ်”လို့ ပြောခဲ့ပါတယ်။ မှန်ပါတယ်။ အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ ဖြိုခွင်းတာ မှားယွင်းပါတယ်။ အာဏာရှင် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချဖို့ အင်အားသုံးမယ်ဆိုရင်တောင်မှ ပထမ အီရတ်စစ်ပွဲတုန်းကလို ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်တာကသာ အမေရိကန်အတွက် ဂုဏ်သိက္ခာရှိမှာဖြစ်ပါတယ်။

အခုတော့ ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ်ရဲ့ စစ်ဆေးဖို့ အချိန်တိုးတောင်းတာကိုတောင်မှ မလိုက်လျောဘဲ ကမ္ဘာ့နိုင်ငံတွေရဲ့ လိုအင်ဆန္ဒကို မျက်ကွယ်ပြုပြီး စစ်ပွဲကို မဖြစ်မနေ ဆင်နွှဲအောင် အမေရိကန်ကို ဘယ်အချက်တွေက တွန်းအားပေးခဲ့သလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတော့တယ်။

မေးခွန်းရဲ့ ပထမအဖြေက ‘ရေနံပြဿနာ’ ဖြစ်ပါတယ်။

ကမ္ဘာရဲ့ ဒုတိယအကြီးဆုံး ရေနံသိုက်ကို ပိုင်ဆိုင်ထားတဲ့ အီရတ်ဟာ ရေနံစည် ၁၁၂ ဘီလီယံ ထုတ်လုပ်နိုင်စွမ်း ရှိပါတယ်။ အမေရိကန် DOE ရဲ့ ခန့်မှန်းချက်အရ ဆိုရင် အီရတ်ဟာ ကမ္ဘာ့ရေနံသိုက်ရဲ့ ငါးပုံတပုံ (၁/၅) (သို့) ၂၀၀ ဘီလီယံ ပိုင်ဆိုင်ထားတယ်လို့ ဆိုပါတယ်။

ဒီအချိန်မှာပဲ အမေရိကန်က သူ့ရဲ့ အရန်ထားရှိတဲ့ ရေနံသိုက်ပမာဏကို ၅၉၂ သန်းကနေ သက္ကရာဇ် ၂၀၀၅ ခုနှစ်မှာ သန်းပေါင်း ၇၀၀ ရှိနေအောင် စီမံနေပါတယ်။ တကယ်တန်းကျတော့ အမေရိကန်စွမ်းအင်ဌာန DOE ရဲ့အဆိုအရ သက္ကရာဇ် ၂၀၀၁ ခုနှစ်မှာ အမေရိကန်က အသုံးပြုတဲ့ ရေနံနဲ့ ရေနံထွက်ပစ္စည်းရဲ့ ၅၅%ဟာ နိုင်ငံခြားက တင်သွင်းရတာဖြစ်ပြီး ၂၀၀၅ ခုနှစ်မှာဆိုရင် စုစုပေါင်း အသုံးပြုမှုရဲ့ ၆၇%အထိ မြင့်တက်လာလိမ့်မယ်လို့ ဆိုပါတယ်။ (ကမ္ဘာမှာ အမေရိကန်ဟာ ရေနံအများဆုံး ဝယ်ယူတင်သွင်းတဲ့နိုင်ငံဖြစ်ပြီး ဒုတိယနဲ့ တတိယက ဂျပန်နဲ့ တရုတ်ဖြစ်ပါတယ်။)

အမေရိကန်ဟာ ၂၀၀၁ ခုနှစ်မှာ တနေ့ကို ရေနံစည်ပေါင်း ၁၉.၇ သန်း လိုအပ်ပေမယ့် ၂၀၂၅ ခုနှစ်မှာဆိုရင် ၂၉.၂ သန်း လိုအပ်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အမေရိကန်ရဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဈေးသက်သက်သာသာနဲ့ရဖို့ကတော့ ကမ္ဘာ့အကြီးဆုံးရေနံသိုက်တွေ ပိုင်ဆိုင်ထားတဲ့နိုင်ငံတွေကို နိုင်ငံရေး၊ စစ်ရေးအရ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အခြေအနေ ဖန်တီးရေးဟာ အမေရိကန်အုပ်ချုပ်သူတွေအနေနဲ့ မလွဲမသွေ လိုအပ်လာတဲ့ နိုင်ငံခြားရေးဝါဒဖြစ်ပါတယ်။

မေးခွန်းရဲ့ ဒုတိယအဖြေကတော့

တဘက်သို့ ☞
















အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များ ကမ္ဘာနဲ့အဝှမ်း ပြန့်နှံ့နေပြီး ပြည်သူ (၁၆)သန်းကျော် ပါဝင်တဲ့ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဟာ ဗီယက်နမ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများထက် ပိုမိုကြီးကျယ်ပါတယ်။

# အီရတ်စစ်ပွဲအပေါ် သူတို့ရဲ့အမြင်များ



အမေကတော့
ဒီစစ်ပွဲကို မထောက်ခံဘူး။
အပြစ်မဲ့တဲ့ အီရတ်ပြည်သူတွေပဲ
သေမှာ။
ဆက်ဒမ်ဟူစိန်ကိုဖြုတ်ချချင်ရင်
တခြားနည်းနဲ့ လုပ်ရမှာ။

**လူထုဒေါ်အမာ**

---



**လူထုစိန်ဝင်း**

အမေရိကန်ပြည်သူတွေအားလုံးနဲ့ တကမ္ဘာလုံး၊ ပြည်သူလူထု၊ ကုလသမဂ္ဂ၊ အကုန်လုံး ဆန့်ကျင်နေတဲ့ထဲက ဘုရှ်က ကောင်းဘွိုင်ဆန်ဆန် ငါတကော ကောသွားတာကို ကြားရတဲ့အတွက် အင်မတန် ဒေါသထွက်ရပါတယ်။

သတ်တာက ဆင်နဲ့ ဆိတ်ပါ။

စစ်ပွဲတော့ သူနိုင်မှာပဲ။

ဒါပေမယ့် ရေရှည်မှာ သူ နိုင်ငံရေးအရ သူရှုံးမှာပဲ။

အမေရိကန်အပေါ်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ ယုံကြည်မှု လုံးဝ သူ ဆုံးရှုံးသွားပါပြီ။

---



**ဒေါ်အောင်ဆန်းစုကြည်**

ကျမတို့ရဲ့သဘောထားကတော့ အားလုံးကို ဖြစ်နိုင်တယ်ဆိုလို့ရှိရင် ဒီကမ္ဘာမှာရှိနေတဲ့ ဟို…. ပြဿနာတွေအားလုံးကို အေးအေးချမ်းချမ်းပဲ ဖြေရှင်းချင်တာပေါ့။ ကျမတို့ သဘောထားကတော့ ဒီလို နိုင်ငံတကာနဲ့ ပတ်သက်တဲ့ကိစ္စဆိုလို့ရှိရင် နိုင်ငံတကာရဲ့သဘောတူညီမှုရတာ အကောင်းဆုံးပဲ။ နိုင်ငံအချင်းချင်း ဆွေးနွေးပြီးတော့ နားလည်မှုယူပြီးတော့ လုပ်တာကတော့ အကောင်းဆုံးပဲလို့ ကျမတို့ ထင်တယ်။

---

အမေရိကန်ရဲ့ အကျိုးစီးပွားကို အီရတ်က အန္တရာယ်ပြုတာ မဟုတ်ဘူး။ အီရတ်ကို ရလိုက်လို့ရှိရင် အမေရိကန်အကျိုးစီးပွားနဲ့ အစ္စရေးရဲ့ အကျိုးစီးပွားကို ရလဒ်အဖြစ် အကျိုးဖြစ်မှာဆိုတာ…. အဲဒါကြောင့်မို့ အမေရိကန်နိုင်ငံက အကျိုးစီးပွားထိခိုက်တာကို ဝင်ကာကွယ်တာ မဟုတ်ဘူး၊ သူ့အကျိုးစီးပွားကို တိုးချဲ့ဖို့အတွက် ဝင်တိုက်တာ။

**ဒေါက်တာဇာနည်**

---



**အဆိုတော်ဇော်ဝင်းထွဋ်**

“ကျနော်တို့ကတော့ ရှင်းရှင်းပြောရရင် အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်နဲ့ လူတွေကို ဖြစ်စေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကမ္ဘာကြီးကို မြင်ချင်တာကိုး။ ကျနော်တို့ဆိုတဲ့ သီချင်းတွေက စစ်ဖြစ်ဖြစ် မဖြစ်ဖြစ်၊ ဒီအကြောင်းတွေက ပါနေတာပဲ။ သီချင်းထဲမှာ လူတယောက်နဲ့ တယောက်ချစ်ဖို့ ငြိမ်းငြိမ်းချမ်းချမ်းရှိဖို့ ပါနေတယ်လေ။ ခုလိုဖြစ်တဲ့အခါကျတော့ ကျနော်တို့က ဆန့်ကျင်တယ်ပေါ့လေ။ ဒါကိုဆန့်ကျင်တဲ့ပွဲတို့၊ ဥပမာ….သီချင်းဆိုကြတာတို့၊ ဘာတို့။ ဒါပေမယ့် ကျနော်တို့တိုင်းပြည်ကျတော့ နေတဲ့ ထိုင်တဲ့ပုံက တမျိုးဖြစ်နေတာကိုး။ ဟို…. ပွဲကြည့်ပရိတ်သတ် ဖြစ်နေတယ်လေ။

# ကမ္ဘာတဝှမ်း စစ်ဆန့်ကျင်ရေးလှိုင်းတံပိုးများ ဆက်လက်မြင့်မား




**မတ်၊ (၂၀–၃၀)ရက်။ [ဘန်ကောက်ပို့စ်]**

မတ်လ(၂၀)ရက် ကြာသပတေးနေ့က အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်များက အီရတ်မြို့တော် ဘဂ္ဂဒက်အပေါ် ဗုံးမိုးရွာချလိုက်ပြီး ကျူးကျော်စစ်ပွဲအား စတင်လိုက်သည်နှင့် ထိုနေ့မှာပင် အမေရိကန်မြို့ကြီးများနှင့် ကမ္ဘာတဝှမ်းလုံးရှိ မြို့ကြီးများတွင် ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများ၏ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများသည် လှိုင်းတံပိုးသဖွယ် ထကြွလာခဲ့သည်။

အာရပ်နိုင်ငံအနှံ့အပြားတွင်လည်း အမေရိကန်နှင့် နေတိုးမဟာမိတ်တပ်များ၏ စစ်အင်အားသုံး နိုင်လိုမင်းထက်ပြုမှုအား ဒေါသတကြီး တုံ့ပြန်ဆန္ဒပြခဲ့ကြသည်။




ကမ္ဘာ့အကြီးဆုံးမူဆလင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ ဘာသာရေးခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် လူတသိန်းကျော် ပါဝင်ဆန္ဒပြခဲ့ကြသည်။

ပါကစ္စတန်မြို့ကြီးများတွင်လည်း ထောင်ပေါင်းများစွာသော လူအုပ်ကြီးများသည် အမေရိကန်၏ အီရတ်အပေါ် ကျူးကျော်စစ်ဆင်မှုအား ဒေါသတကြီး ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

ယီမင်နိုင်ငံတွင်မူ အဆိုးဝါးဆုံး အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ လူ(၄၀၀၀)ကျော်သည် ရှေးဟောင်းမြို့တော်မှ ဆနားအာ ဆင်ခြေဖုံးရှိ အမေရိကန်သံရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြရာ အဓိကရုဏ်းနှိမ်နှင်းရေးရဲများက တားဆီးရာမှ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုအကြမ်းဖက်မှုတွင် ဆန္ဒပြသူ(၂)ဦး သေဆုံးခဲ့ပြီး ရဲ(၃)ဦး ဆေးရုံတင်ရသည်။ ၎င်းတို့အနက် (၁)ဦးမှာ (၁၁)နှစ်အရွယ် ကလေးတဦးဖြစ်သည်ဟု အစိုးရသတင်းရပ်ကွက်မှ ပြောကြားခဲ့သည်။

ကိုင်ရိုမြို့ အယ်လ်အာဇာဗလီကျောင်းတွင်လည်း ဘုန်းတော်ကြီး ရှိတ်မိုဟာမက် တန်တဝိ ဦးဆောင်ပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့က အီရတ်ပြည်သူများ အောင်ပွဲရစေရေးအတွက် ဝတ်ပြုဆုတောင်းပွဲကျင်းပကြရာ ရဲများမှ ထိုလူအုပ်ကြီးအား ဗလီကျောင်းမှ ထွက်ခွာသွားရန် နံပါတ်တုတ်များဖြင့် ရိုက်နှက်လူစုခွဲခဲ့ရာ လူအုပ်ကြီးမှ ခဲများဖြင့် ပြန်လည်ပစ်ပေါက်ခဲ့ကြသည်။

ပါလက်စတိုင်း၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် ဘာရိန်းနိုင်ငံတို့တွင်လည်း အမေရိကန်သံရုံးရှေ့တွင် စုဝေးဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

ထို့ပြင် ဥရောပတဝှမ်းလုံးတွင်လည်း အမေရိကန်၏ ကျူးကျော်စစ်အပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများ တနေ့ထက်တနေ့ တိုးပွားများပြားလာနေကြသည်။ အထူးသဖြင့် စပိန်နိုင်ငံတွင် ပါလီမန်အဆောက်အဦရှေ့ ရင်ပြင်၌ စုဝေးခဲ့ကြပြီး ဝန်ကြီးချုပ် ဂျို့စ်မာရီယာအက်ဇ်နာ နှုတ်ထွက်ပေးရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ဝန်ကြီးချုပ်သည် အမေရိကန်၏ အီရတ်အား ဆင်နွှဲသည့် စစ်ပွဲအား လိုလိုလားလား ထောက်ခံသောကြောင့်ဖြစ်သည်။

လန်ဒန်မြို့၌လည်း အောက်လွှတ်တော် အဆောက်အဦရှေ့ ရင်ပြင်တွင် စုရုံးကြပြီး တိုနီဘလဲ၏ အီရတ်စစ်ပွဲအပေါ် သဘောထားအား ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။




ဂရိနိုင်ငံအေသင်မြို့တွင်မူ ရဲအစောင့်များ ထူထပ်စွာချထားသော အမေရိကန်သံရုံးရှေ့တွင် (၂)သိန်းခန့်ရှိသောလူအုပ်ကြီးက ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ ‘ရှိဘူရာ’ဘူတာရုံတွင်လည်း ဂျပန်ပြည်သူများက အမေရိကန်ကျူးကျော်စစ်အား အုတ်အုတ်ကျက်ကျက် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ထိုင်းနိုင်ငံတွင်လည်း ဘာသာရေးအသင်းအဖွဲ့များ၊ ပညာရှင်များ၊ အလုပ်သမားသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများ ပါဝင်သည့် အဖွဲ့ပေါင်း(၂၀) စုစည်းကာ အမေရိကန်ဦးဆောင်သည့် အီရတ်အပေါ် ဆင်နွှဲသည့် ကျူးကျော်စစ်ပွဲအား ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများက ထိုင်းအစိုးရ၏ ဤစစ်ပွဲအပေါ်ထားရှိသည့် မပြတ်မသား သဘောထားအား ရှုတ်ချခဲ့ကြသည်။

ရန်စစ်တက္ကသိုလ်မှပါမောက္ခ ချိုထီလာ ဆရာဝဒ်နာက“တပ်စင်အစိုးရဟာ အီရတ်စစ်ပွဲရဲ့ ဆိုးကျိုးတွေကို စိုးရိမ်ပူပန်မှုမရှိဘဲ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကနေ အမြတ်ထုတ်ဖို့ပဲ ကြည့်နေတယ်”ဟု ထုတ်ဖော်ပြောဆိုလိုက်ပြီး ၎င်းအား “အချောင်သမား”အဖြစ် တံဆိပ်တပ်လိုက်သည်။ ထို့ပြင် ချူလာလောင်ကွန်းတက္ကသိုလ်၊ ဘောဂဗေဒဌာနမှ ကထိကဖြစ်သူ ဂျိုင်အန်ဖခွန်းကလည်း“ဒီစစ်ပွဲဟာ အမေရိကန်ရဲ့အကျိုးစီးပွားကလွဲလို့ ကျင့်ဝတ်အရပဲ ဖြစ်ဖြစ်၊ အတွေးအခေါ်အရပဲဖြစ်ဖြစ် လုံးဝမလုပ်သင့်တဲ့အရာပဲ”ဟု ပြောကြားခဲ့ပြီး အမေရိကန်နှင့် စစ်ရေးအရဆက်ဆံမှုအားလုံး၊ အထူးသဖြင့် နှစ်စဉ်ပြုလုပ်သော ရွှေမြွေဟောက် (Cobra Gold)စစ်လေ့ကျင့်မှုအား စွန့်လွှတ်ရန် အစိုးရအား တောင်းဆိုခဲ့သည်။

မလေးရှားနိုင်ငံရှိ မလေးဘာသာစကားဖြင့်ထုတ်ဝေသော နာမည်ကြီးသတင်းစာတစောင်ဖြစ်သည့် “အူတုစန်မလေးရှား” သတင်းစာကြီး၏ အယ်ဒီတာ့အာဘော်တွင်လည်း“အမေရိကသည် အစ္စလာမ်များအား

တဘက်သို့



# အော်စကာဆုပေးပွဲက စစ်ဆန့်ကျင်ရေး ဒေါ်မာန်ဟုန်

**မတ်၊ (၂၅)ရက်။**

တနင်္ဂနွေနေ့က အော်စကာဆုပေးပွဲ အခမ်းအနားတွင် အမေရိကန်နာမည်ကြီး ရုပ်ရှင်ရိုက်ကူးသူ မိုက်ကယ်မိုးက အော်စကာဆု တက်ယူသည့် စင်မြင့်ပေါ်မှနေ၍ နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးများနှင့် ပြည့်နှက်နေသောပရိသတ်များ ရှေ့မှောက်တွင် သမတဘုရ်ှနှင့် ၎င်း၏ အီရတ်စစ်ပွဲ ဆင်နွှဲမှုအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ခဲ့သည်။

"ကျနော်တို့ ဒီစစ်ပွဲကို ဆန့်ကျင်တယ်၊ မစ္စတာဘုရ်ှ၊ ခင်ဗျား မရှက်ဘူးလား"ဟု မိုက်ကယ်မိုးက ပြောကြားလိုက်ရာ ထိပ်တန်း ကြယ်ပွင့်များအပါအဝင် နာမည်ကျော် သရုပ်ဆောင် (၃၅၀၀)ခန့် တက်ရောက်လာသော ဟောလီးဝုဒ် ကိုဒက်ဇာတ်ရုံကြီးအတွင်း သမတဘုရ်ှအား လှောင်ပြောင်အော်ဟစ်သံများဖြင့် ဘဝင်ညံသွားခဲ့ပေသည်။

အမေရိကန်လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသော အကြမ်းဖက်မှုများအား ထောက်ပြခဲ့ပြီး စစ်ဆိုတာ မှားတယ်ဟု ပြောကြားခဲ့သည်။ "ကျနော်တို့ အမေရိကန်တွေဟာ ဒီကမ္ဘာပေါ်မှာရှိတဲ့ တခြားနိုင်ငံတွေမှာထက် တယောက်နဲ့တယောက် အတိုင်းအဆကြီးမားစွာနဲ့ သတ်ဖြတ်နေကြတယ်" ဟု ၎င်းရိုက်ကူးခဲ့သည့် 'ကိုလမ်ဘိုင်း'ရုပ်ရှင်ကားအား ကိုးကားညွှန်းဆိုပြီး ပြောကြားခဲ့သည်။ ၎င်းရုပ်ရှင်ကားသည် ၁၉၉၉ ခုနှစ်၊ ကော်လိုရာဒိုမြို့ရှိ ကိုလမ်ဘိုင်း အထက်တန်းကျောင်းတွင် လူသတ်သမားတဦးက ကျောင်းသားကျောင်းသူ (၁၃)ဦးအား သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းအား ရိုက်ကူးထားခြင်းဖြစ်သည်။

အော်စကာ ဆုပေးပွဲသို့ တက်ရောက်လာကြသည့် ပရိသတ်အများစုကြီးက မိုက်ကယ်မိုး၏ စစ်နှင့်ပတ်သက်သည့်အမြင်များကို သဘောတူ လက်ခံကြသည်။ ❖



မိုက်ကယ်မိုး

# အမေရိကန်နှင့် မဟာမိတ်တပ်များ၏ အကျအဆုံးများ

**မတ်၊ (၃၀)ရက်။ [ဘန်ကောက်ပို့စ်]**

၂၀၀၃ ခုနှစ်၊ မတ်လ(၂၀) ရက်နေ့မှ စတင်ခဲ့သည့် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲအတွင်း ဗြိတိန်စစ်သား (၂၃) ဦး ကျဆုံးပြီ ဖြစ်ကြောင်း ဗြိတိသျှအစိုးရက (၂၉)ရက်နေ့တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို အရေအတွက်မှာ ပင်လယ်ကွေ့စစ်ပွဲ၌ ကျဆုံးခဲ့သူ အရေအတွက်ထက် ကျော်လွန်နေသည်ဟုလည်း သိရှိရသည်။

မတ် (၂၉) ရက်တွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား (၅) ဦးအပါအဝင် အမေရိကန်ဘက်မှ စုစုပေါင်း (၃၄) ဦး ကျဆုံးပြီဖြစ်ကြောင်း၊ ယခုတိုက်ပွဲအတွင်း အမေရိကန်ဘက်မှ ဒဏ်ရာရရှိသူပေါင်း (၁၀၀)ဦးရှိပြီး၊ ပျောက်ဆုံးနေသူ (၁၆)ဦးအပြင် စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသူ (၇) ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ထုတ်ဖော်ပြောဆိုခဲ့သည်။

သို့သော်လည်း အီရတ်ဘက်မှ ပြောဆိုရာတွင် (၁၀)ရက်ကြာစစ်ပွဲအတွင်း ၎င်းတို့အနေဖြင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်တပ်သား (၁၀၀)ကျော်ကို သုတ်သင်နိုင်ခဲ့ကြောင်း၊ တိုက်လေယာဉ်(၅)စီးနှင့် ရဟတ်ယာဉ်(၄)စီးကိုပစ်ချနိုင်ခဲ့ကြောင်း၊ မောင်းသူမဲ့ လေယာဉ် (၆)စင်းနှင့် ခရုစ်ဒုံးကျည် (၁၄၃)စင်းတို့ကိုလည်း ပစ်ချနိုင်ခဲ့ကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် အီရတ်ဘက်မှ အမေရိကန်တင့်ကား (၇၄)စီးနှင့် စစ်သည်တင်သံချပ်ကား (၃၅) စီးကို ဖျက်ဆီးနိုင်ခဲ့ပြီး အမေရိကန်နှင့် ၎င်း၏မဟာမိတ်စစ်သားတထောင်နီးပါးခန့်ကိုလည်း ဒဏ်ရာရရှိစေခဲ့ကြောင်း ပြောဆိုခဲ့သည်။

❖ ❖ ❖

တဘက်မှ

တိုက်ခိုက်နေပြီ"ဟုဆို၍၊ ခေါင်းကြီးသတင်းတွင် "အီရတ်ဟာ အမေရိကန်နဲ့ ကမ္ဘာကြီးအတွက် အန္တရာယ်ပြုနိုင်စွမ်း မရှိပါဘူး၊ အမေရိကန်မှာသာ ကမ္ဘာကြီးကို စိုးမိုးဖို့ စီမံကိန်းရှိတာပါ"ဟု ရေးသားခဲ့သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံ၏ ဒုတိယနာမည်အကြီးဆုံး နေ့စဉ်သတင်းစာတစောင်ဖြစ်သည့် "နဝအီဝပ်အူဒူ"နေ့စဉ်သတင်းစာတွင်လည်း "အမေရိကဟာ အစ္စလာမ်အသိုင်းအဝိုင်းကြားမှာ စိတ်ဝမ်းကွဲမှုမျိုးစေ့ကို ချလိုက်တာပဲ၊ အာဖဂန်နစ္စတန် ပြီးတော့ အခု အီရတ်မှာ သွေးထွက်သံယိုမှုတွေ လုပ်နေပြန်ပါပြီ"ဟု ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ သမတအိမ်ဖြူတော်ရှေ့တွင်လည်း ဆန္ဒပြသမားများက"ရေနံအတွက် သွေးမြေကျတာအလိုမရှိ" ဟု ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသည်။




အီကွေဒေါ်နိုင်ငံ၏မြို့တော် ကွီတိုတွင်လည်း ဆန္ဒပြသူများသည် အမေရိကန်သံရုံးဆီသို့ ချီတက်ကြကာ အမေရိကန်အလံအား မီးရှို့ပြီး၊ "ဘုရ်ှ.... လူသတ်ကောင်"ဟု ကြွေးကြော်ကာ အမေရိကန်၏ အီရတ်အပေါ် ကျူးကျော်စစ်အား ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့၌လည်း ဆန္ဒပြသမားများက အမေရိကန်သံရုံးသို့ ချီတက်ကြပြီး ကြွေးကြော်သံများ ဟစ်ကြွေးကာ သမတဂျော့ဘုရ်ှအား "ဖက်ဆစ် အကြမ်းဖက်သမား"အဖြစ် ပြောဆိုကာ အမေရိကန်အလံအား မီးတင်ရှို့ပြီး သံရုံးအား ခဲများဖြင့် ပစ်ပေါက်ကြသည်။ ပုလိပ်များက ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများ၊ ရာဘာကျည်များနှင့် ပစ်ခတ်ပြီး လူစုခွဲလိုက်ကြသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင်လည်း အီရတ်စစ်ပွဲ ပထမဆုံးနေ့မှာပင် ဆန္ဒပြသူထောင်သောင်းများစွာတို့သည် အမေရိကန်သံရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။ ❖




# အီရတ်စစ်ပွဲအပေါ် သူတို့ရဲ့အမြင်များ



ဗိုလ်ချုပ်ကြီးစောဘိုမြ

ဆက်ဒမ်ဟူစိန်ဟာ စစ်အာဏာရှင်ပဲ၊ စစ်အာဏာရှင်ဆိုတာ တိုင်းသူပြည်သားကို ဖိနှိပ်တာပဲ၊ တိုင်းသူပြည်သားကို သာမက ကမ္ဘာကိုပါ သူလွှမ်းမိုးဖို့ အစီအစဉ်ရှိတယ်။ ဒါကြောင့်မို့လို့ အမေရိကန်က သူ့ကို တိုက်တာ မှန်ပါတယ်။ ကျနော့်အနေနဲ့ကတော့ ထောက်ခံတယ်။

---

အီရတ်ကို အမေရိကန်က ဝင်ရောက်တိုက်ခိုက်တာဟာ ဥပဒေအပြင်ဘက်က ဆိုတာလဲ မှန်တယ်ဗျ။ သို့သော်လည်း အီရတ်အစိုးရက ဥပဒေအတွင်းမှာ မရှိတာကြောင့် သူတို့ကို ဥပဒေနည်းနဲ့ ကုလသမဂ္ဂကနေပြီး ဥပဒေပုဒ်မအဆိုလည်း လုပ်ရမယ်။ အများသဘောတူမှ လုပ်မယ်ဆိုလို့ မဖြစ်ဘူး။ လူဆိုးကို လူဆိုးလို ဆက်ဆံရမယ်ဆိုပြီးတော့ တိုက်တာကျတော့လည်း တနည်းအားဖြင့် မှန်တယ်လို့ ဆိုရမှာပေါ့ဗျာ။



ကြေးမုံဦးသောင်း

---



ခွန်ထွန်းဦး

ကျနော်မြင်တာကတော့ အာဏာရှင်ဘာညာတော့ မရှိဘူး။ လူအများ သေစေနိုင်တဲ့ ဓာတုလက်နက် ပိုင်ဆိုင်ပြီးတော့ အဲ့ဒီလက်နက်နဲ့ တနေ့ တကမ္ဘာလုံးကိုတောင် ရှင်းရှင်းပြောရရင် ပြန်ပေးဆွဲမယ့် အခြေအနေမျိုးဆိုရင်တော့ ကျနော်တို့ လုံးဝလက်မခံနိုင်ဘူးလေ။ ဒီလိုတိုက်တယ်ဆိုတာ ကျနော်တော့ ခပ်ရှင်းရှင်းပြောရရင် မှန်တယ်ဗျ။

---

လူသားတွေရဲ့အသက်အန္တရာယ်ကို ဒုက္ခပေးမယ့် ဇီဝလက်နက်တွေ၊ ဓာတုလက်နက်တွေ သူ့မှာ(ဆက်ဒမ်ဟူစိန်) ပိုင်ဆိုင်နေတယ်၊ ထုတ်လုပ်နေတယ်။ လူရမ်းကားတယောက်ထဲမှာ ဒီလိုလက်နက်မျိုးတွေရှိနေတာ လူသားတွေအားလုံးအတွက် အန္တရာယ်ရှိတယ်လို့ မြင်တယ်။ ကျနော်တို့အနေနဲ့ကတော့ စစ်အာဏာရှင်စနစ်ဖယ်ရှားတဲ့ နည်းလမ်း မှန်သမျှကို သဘောတူ ထောက်ခံတယ်။



ဦးဗိုလ်သောင်း

---



မိုးသီးဇွန်

စစ်ကတော့ဗျာ ကျည်ဆန်နဲ့တိုက်တော့ သွေးထွက်သံယိုမျိုးဖြစ်မယ်။ အပြစ်မဲ့တဲ့ ပြည်သူတွေ ဒုက္ခရောက်တာတော့ မလိုချင်ပါဘူး။ ဒါပေမယ့် အဓိကတရားခံကို မမေ့ဖို့ လိုပါတယ်။ အဓိကတရားခံကတော့ ဆက်ဒမ်ဟူစိန်ပဲ။ သူဟာ တကယ်ကို တိုင်းပြည်ကို အာဏာရှင်စနစ်နဲ့ အုပ်ချုပ်နေတယ်။ သူကနေ ဒီလို အာဏာကို ချုပ်ကိုင်ထားတဲ့အတွက် အခုလို တိုင်းပြည်ဟာ နောက်ဆုံးအတိုက်ခံရတဲ့အဆင့်ထိ ရောက်သွားတာပဲ။



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၆)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။**

**စာရေးသူ**



ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ အစိုးရတွေရော ဘက်အသီးသီးကပါ ဒီအဆောက်အအုံထိန်းညှိမှုအစီအစဉ်(SAP)တွေကို ကန့်ကွက်နေတာကြာပါပြီ။ ဒီ (SAP)တွေဟာ အင်မတန်လိုအပ်တဲ့ လူမှုဖူလုံရေးလုပ်ငန်းတွေကို ပယ်ဖျက်ခိုင်းတဲ့အတွက် လူ့အဖွဲ့အစည်းထဲမှာရှိတဲ့ ဒဏ်ခံစွမ်းအားအနည်းဆုံးအပိုင်းကို မုချပဲ ဆင်းရဲမွဲတေမှုဆီကို တွန်းပို့ပါတယ်။

(SAP)တွေကြောင့် ဆင်းရဲတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဒုက္ခရောက်ကြတယ်ဆိုတာကို (IMF)ရော၊ ကမ္ဘာ့ဘဏ်ကပါ နှစ်အတန်ကြာ ငြင်းကွယ်နေကြပေမယ့် အခုတော့ ဝန်ခံလာကြပါပြီ။

(SAP)တွေကို ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာ စီမံကိန်း (Poverty Reduction Strategy Papers)လို့ နာမည်ပြောင်းခဲ့ပေမဲ့ အနှစ်သာရဟာ အတူတူပဲသာမို့ (IMF)နဲ့ ကမ္ဘာ့ဘဏ်တို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် ဖိအားပေးနေဆဲ ဖြစ်ပါတယ်။ ဒါဖြင့် အစိုးရတွေဟာ သူတို့တင်တဲ့အချက်တွေကို ဘာကြောင့် သဘောတူရတာလဲ။

ဒါဟာ တတိယကမ္ဘာနိုင်ငံက အကြွေးပြဿနာရဲ့ ဝှက်ဖဲဖြစ်ပြီး "ဂျူဗလီ ၂၀၀၀ (Jubilee 2000)"လို့ အခေါ်ခံရတဲ့ ကြွေးပိနိုင်ငံတွေကို အများက အာရုံစိုက်လာကြတာ

## ဗညြ

ဟာ ဒီအကြောင်းကြောင့်ဖြစ်ပါတယ်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတွေက အစိုးရတွေဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေ ပေးစရာရှိတဲ့ အကြွေး (၁၀၀%)ကို လျှော်ပစ်ဖို့ ကတိပေးခဲ့ကြပါတယ်။ ဒီလမ်းကို ဗြိတိန်နိုင်ငံက အစပြုတာပါ။ ဒါပေမဲ့ ဒီ "ကမ်းလှမ်းချက်"မှာ နှောင်ကြိုးတွေ ရှိနေပါတယ်။ အဲဒီအထဲမှာ သူတို့ကို ဒီဘဝဆိုက်စေခဲ့တဲ့ စီးပွားရေးစနစ်ကို ဆက်ပြီး သစ္စာရှိဖို့ပါပါတယ်။ ဘယ်မှာဖြစ်ဖြစ် တတိယကမ္ဘာနိုင်ငံတွေရဲ့ အကြွေးတဝက်လောက်ဟာ အစိုးရတွေကို ဆပ်ရမှာမဟုတ်ပါဘူး။ ကမ္ဘာ့ဘဏ်နဲ့ (IMF)တို့ကို ဆပ်ရမှာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်း (၂)ခုကလဲ မိမိတို့နိုင်ငံရဲ့စီးပွားရေးစနစ်ကို ကမ္ဘာ့စီးပွားရေးစနစ်သစ်နဲ့အညီ ပြုပြင်ပြောင်းလဲတာတွေလုပ်မှ ငွေချေးပေးမှာဖြစ်ပါတယ်။ သူတို့ပြောတဲ့ ပြုပြင်ရမယ့်နည်းလမ်းက အထက်တုန်းက တင်ပြခဲ့တဲ့အတိုင်း ဖြစ်ပါတယ်။

ဒီလိုနဲ့ တတိယနိုင်ငံတွေရဲ့အကြွေးဟာ အဲဒီနိုင်ငံတွေရဲ့ စီးပွားရေးကို အပိုင်ချုပ်ကိုင်တဲ့ ကိရိယာဖြစ်လာပါတော့တယ်။ ဒါကြောင့်လဲပဲ ပိုမိုကျယ်ပြန့်တဲ့ ကမ္ဘာ့လွှမ်းခြုံမှုပြုချင်သူတွေရဲ့ လက်နက်တိုက်မှာ အကြွေးဟာ မရှိမဖြစ်တဲ့ လက်နက်ဖြစ်နေပါတယ်။ သိပ်အရေးပါတဲ့လက်နက်မို့ စွန့်လွှတ်လို့ မရဘူးဖြစ်နေတယ်။ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလတုန်းက တန်ဇန်းနီးယားနိုင်ငံမှာ အာဖရိကတိုက်က ခေါင်းဆောင်တွေနဲ့ အစည်းအဝေး အတူထိုင်ကြတော့ (IMF)နဲ့ ကမ္ဘာ့ဘဏ်တို့ဟာ အာဖရိကတိုက်သားများကို ဒီအကြွေးက နှစ်ပရိစ္ဆေဒကြာမြင့်စွာ နှိပ်စက်မှန်းသိပေမယ့် လျှော်မပစ်နိုင်ဘူးလို့ တင်းခံခဲ့ကြတယ်။

### ကမ္ဘာ့လွှမ်းခြုံမှုရဲ့ အကျိုးဆက်

ကမ္ဘာ့လွှမ်းခြုံမှုရဲ့ အလားအလာ၊ ကောင်းကျိုး၊ ဆိုးကျိုး စတာတွေနဲ့ပတ်သက်လို့ သဘောကွဲလွဲမှုတွေရှိပေမယ့် ဒီကမ္ဘာ့အခင်းအကျင်းသစ်ဟာ ဆင်းရဲနဲ့ ချမ်းသာအကြား ကွာဟမှုကို ပိုမိုကျယ်သွားစေတယ်။ ကမ္ဘာမှာ ဆင်းရဲမွဲတေမှု ပိုများလာစေတယ်ဆိုတာတို့နဲ့ပတ်သက်လို့ကတော့ ဝိဝါဒ မကွဲကြပါဘူး။ ကမ္ဘာပေါ်က လူဦးရေ(၆)ဘီလျံတို့ရဲ့ တနေ့ဝင်ငွေဟာ (၂)ဒေါ်လာထက် နည်းပြီး၊ (၁.၂)ဘီလျံတို့ရဲ့ဝင်ငွေကတော့ တနေ့ကို (၁)ဒေါ်လာတောင် မရှိပါဘူး။ တဆက်ထဲမှာ လွန်ခဲ့တဲ့ နှစ်(၄၀)အတွင်း ကမ္ဘာ့လူဦးရေရဲ့ အချမ်းသာဆုံး(၂၀%)တို့ရဲ့ဝင်ငွေနဲ့ အဆင်းရဲဆုံး(၂၀%)တို့အကြား ဝင်ငွေ ကွာခြားမှုဟာ တဆတိုးသွားပါတယ်။ ကမ္ဘာ့ အချမ်းသာဆုံး လူသုံးဦးရဲ့ ပိုင်ဆိုင်မှုဟာ ကမ္ဘာ့အဆင်းရဲဆုံး (၄၈)နိုင်ငံနဲ့ သူ့ပြည်သူသန်း(၆၀၀)တို့ရဲ့ အမျိုးသားထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးထက် ပိုများနေပါတယ်။

### နိုင်ငံတခုနဲ့ တခုအကြားက ကွာခြားမှု

ပြီးခဲ့တဲ့ အနှစ်(၂၀)အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အကြီးအကျယ် တိုးတက်လာတာ အထူးသဖြင့် ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ရောက်သွားတာ၊ ဒါဟာ ကမ္ဘာ့လွှမ်းခြုံမှုရဲ့ အကြီးမားဆုံး အကျိုးကျေးဇူးပဲလို့ထောပနာပြုကြပါတယ်။ ကမ္ဘာ့လွှမ်းခြုံမှုအကြောင်းပြောလေ့ရှိကြတဲ့ တခြားပြောဆိုချက်တွေလိုပဲ ဒီစကားဟာ အကောင်းဖက်ကပြောတာဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာကျတော့ တမျိုးဖော်ပြနေပါတယ်။

ပြည်ပရင်းနှီးမြှုပ်နှံမှုရဲ့ ရာခိုင်နှုန်း အများစုကြီးဟာ အချမ်းသာဆုံးနိုင်ငံတွေ အချင်းချင်းကြားမှာပဲဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်အတွင်းက ရှိခဲ့တဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ (၈၆၅)ဘီလျံဆိုတဲ့အထဲမှာ (၆၃၆)ဘီလျံဟာ ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံတွေဆီကိုရောက်တာပါ။

ဖွံ့ဖြိုးဆဲနိုင်ငံချင်းတူတောင်မှ ဒီ ရင်းနှီးမြှုပ်နှံမှုတွေဟာ စီးပွားရေးပိုတောင့်သူတွေဆီ ရောက်တာပိုများပါတယ်။ ၁၉၉၉ ခုနှစ်တုန်းက ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို ရောက်တယ်ဆိုတဲ့ ဒေါ်လာ(၂၀၇)ဘီလျံ အရင်းအနှီးတွေထဲက ဘီလျံ ၁၇၀ (၈၂%)ကို သူတို့အထဲက ထိပ်ဆုံး (၁၀)နိုင်ငံက ရပါတယ်။ အဲဒီ (၁၀)နိုင်ငံတွေ တရုတ်(ဟောင်ကောင်အပါ)၊ ဘရာဇီးလ်၊ အာဂျင်တီးနား၊ မက္ကစီကို၊ တောင်ကိုရီးယား၊ ချီလီ၊ စင်္ကာပူ၊ ထိုင်း၊ ဆော်ဒီအာရေးဗီးယားနဲ့ မလေးရှားတို့ ဖြစ်ပါတယ်။ ကျန်ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ လက်ကျန်လေးကိုပဲ ခွဲယူကြပါတယ်။ ဒီအထဲကမှ ဖွံ့ဖြိုးမှုအနည်းဆုံး (၄၈)နိုင်ငံကတော့ ဘာမှ လုံးဝ မရသလောက်နီးပါး ဖြစ်ပါတယ်။

ကမ္ဘာ့လွှမ်းခြုံမှုရဲ့ အကျိုးဆက်နဲ့ ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မကြာခင်က ထောက်ပြခဲ့သလိုပါပဲ။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေဟာ ဒီညီမျှကိန်းထဲမှာ ပါတယ်ဆိုရုံရှိတာပါ။ သူတို့ဟာ ကမ္ဘာ့လွှမ်းခြုံမှုရဲ့ မကောင်းတဲ့အကျိုးဆက်များကိုလဲ ခံကြရပါသေးတယ်။ ၁၉၉၄ ခုနှစ်၊ ဥရုဂွေးနိုင်ငံမှာကျင်းပတဲ့ ဂတ်ညီလာခံ ပြီးသွားတော့ ဘောဂဗေဒပါရဂူတွေက ကုန်သွယ်ရေး ကျယ်ပြန့်လာမှုကြောင့် ၂၀၀၁ ခုနှစ်ကျရင် ကမ္ဘာ့ဝင်ငွေဟာ ဒေါ်လာဘီလျံ ၂၀၀ နဲ့ ၅၀၀ အကြားလောက် တိုးလာလိမ့်မယ်လို့ ဟောကိန်းထုတ်ကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

---

**နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ (IMF)နဲ့ ကမ္ဘာ့ဘဏ်**

ဒီအဖွဲ့နှစ်ခုစလုံးကို ၁၉၄၄ခုနှစ်က ဘရစ်တင်ဝုဒ်မှာ ကျင်းပတဲ့အစည်းအဝေးက ပေါက်ဖွားပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို တခါတလေ ဘရစ်တင်ဝုဒ်ရဲ့ အဖွဲ့အစည်းတွေလို့လဲ ခေါ်တတ်ကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး တကမ္ဘာလုံးရဲ့စီးပွားရေးကို ပြန်လည်တည်ဆောက်ရာမှာ သူတို့ဟာ ကိုယ့်အခန်းနဲ့ကိုယ် ပါဝင်ခဲ့ကြပါတယ်။ (IMF)ရဲ့ တာဝန်ဟာ ယနေ့ အမေရိကန်ဦးဆောင်တဲ့ ဘဏ္ဍာရေးအဆောက်အအုံကြီးကို တည်ငြိမ်အောင် ထိန်းပေးရတာဖြစ်ပြီး၊ ကမ္ဘာ့ဘဏ်(နာမည်အပြည့်အစုံက ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာဘဏ်-IBRD ဖြစ်ပါတယ်)ရဲ့တာဝန်ကတော့ အချို့သော စီးပွားရေးများ ပြန်လည်ထူထောင်ရာမှာကူညီပြီး "ဖွံ့ဖြိုးမှုလုပ်ငန်း"တွေကို ကူညီရမှာဖြစ်ပါတယ်။ လက်တွေ့မှာ ဝါရှင်တန်မှာ ရုံးစိုက်တဲ့ ဒီအဖွဲ့အစည်းနှစ်ခုစလုံးဟာ အမေရိကန် ဘဏ္ဍာရေးဌာနရဲ့ ရုံးခွဲတွေလိုဖြစ်နေပါတယ်။ ဒီနှစ်ဖွဲ့စလုံးထဲမှာ အချမ်းသာဆုံးနိုင်ငံတွေဟာ ထင်သလိုပြုခွင့်ရပါတယ်။ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဟာ အမေရိကန်နိုင်ငံသားပဲဖြစ်ရပါတယ်။ အခုအခါမှာ သမိုင်းပညာရှင်တွေက ဘရစ်တင်ဝုဒ်အစည်းအဝေးကို စစ်ပြီးခေတ် အမေရိကန်ရဲ့ စီးပွားရေးအင်အားကြီးမှုအတွက် စီမံကိန်းချမှတ်တာလို့ သတ်မှတ်ကြပါတယ်။

၁၉၈၀ စုနှစ်များအတွင်းမှာ အကြွေးကပ်တွေဖြစ်လာတော့ ဒီအဖွဲ့နှစ်ဖွဲ့ရဲ့လုပ်ငန်းဟာ အဓိကအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို လှည့်လာပါတယ်။ သူတို့အပေါ် တာဝန်ခွဲဝေမှု ဘယ်လိုပဲ ကွဲပြားနေပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဘယ်လို ငွေချေးပေးရမလဲဆိုတာနဲ့ ပတ်သက်လို့ကျတော့ အစောကြီးကတည်းက သူတို့ချင်း အမြင်တူကြပါတယ်။ သူတို့ရဲ့ ပေါ်လစီတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို မပြတ်ကျယ်ပြန့်နေတဲ့ ကမ္ဘာ့အရင်းရှင်စီးပွားရေးဘောင်မှာ ပေါင်းထည့်ဖို့ဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ ဒီနိုင်ငံတွေအပေါ် အင်မတန်ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ခဲ့ပါတယ်။

အခုတော့ ဒီအဖွဲ့အစည်းနှစ်ခုစလုံးဟာ သူတို့ရဲ့ပေါ်လစီကြောင့် ဆင်းရဲတဲ့၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေကို ဆိုးကျိုးသက်ရောက်ရတာကို ဝန်ခံကြပါပြီ။ နောက်ပြီး ရှေ့အနာဂတ်မှာ ဆင်းရဲမှုလျှော့ပါးရေး ရည်မှန်းချက်တွေအတွက် ဆုံးဖြတ်ထားပါကြောင်း လူသိရှင်ကြား ပြောကြားပါတယ်။ ဒါပေမယ့် အပြောဟာ အပြောပဲရှိနေသေးပြီး ငွေကြေးချေးမှုကို အရင်အတိုင်းပဲ လုပ်နေပါသေးတယ်။ ကမ္ဘာ့ဘဏ်ဟာ ချေးငွေရဲ့ (၈%)ကိုသာ အခြေခံပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးနဲ့ သန့်ရှင်းရေးတို့အတွက်ဖြစ်ပြီး (၄၅%)ကတော့ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေရဲ့ ပြည်ပလုပ်ငန်းကန်ထရိုက်တွေအတွက် ဖြစ်နေပါတယ်။

အခုအခါ ကမ္ဘာ့ဘဏ်ရော၊ (IMF)ပါ သူတို့ရဲ့ ဂုဏ်သိက္ခာပြန်ဆယ်ရေးအတွက် နောက်ကြောင်းပြန်လုပ်ငန်းတွေ လုပ်နေကြပါတယ်။ ၂၀၀၁ ခုနှစ်၊ မတ်လကထုတ်ပြန်တဲ့ (IMF)ရဲ့ အတွင်းပိုင်းစာစောင်မှာ သူတို့တောင်းဆိုခဲ့တဲ့ စီးပွားရေး ပြန်လည်ထိန်းညှိရေးဆိုတာတွေဟာ စီးပွားရေးသဘောထက် နိုင်ငံရေးသဘော ပိုဆောင်ကြောင်းဖော်ပြထားပြီး အာဖရိကတိုက်နဲ့ပတ်သက်တဲ့ ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာမှာတော့ အာဖရိကနိုင်ငံတွေအပေါ် ချမှတ်ခဲ့တဲ့ သူတို့ရဲ့ စီးပွားရေးအချက်အလက်တွေဟာ အရှုံးတွေနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။ ဘရစ်တင်ဝုဒ်အဖွဲ့အစည်းများ ဖျက်သိမ်းသင့်ပြီဖြစ်ကြောင်း ပြောကြားနေကြတဲ့ နိုင်ငံတကာတိုက်ပွဲဝင်သူများ မှန်ကန်ကြောင်း ဒီဝန်ခံချက်များကဖော်ပြနေပါတယ်။

---

# အဓမ္မခိုင်းစေမှုများ ဖော်ထုတ်၍ အရေးယူရန် နအဖအား (ILO) တောင်းဆို

**မတ်၊ (၁၁)ရက်။**

မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားခိုင်းစေမှုများပပျောက်ရေး စစ်အုပ်စု၏လုပ်ဆောင်ချက်များသည် လုံလောက်သည့် အခြေအနေ မရှိသေးသည့်အပြင် ခိုင်လုံစိတ်ချရသည့် အနေအထားလည်း မရောက်သေးကြောင်း ရန်ကုန်အခြေစိုက် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိက ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံသို့ ရောက်ရှိလာသည့် ရန်ကုန် အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ Perret Nguyen က အလုပ်ကြမ်းခိုင်းစေမှု ပပျောက်ရေးစီမံဆောင်ရွက်ရန် အိုင်အယ်လ်အိုနှင့် မြန်မာစစ်အုပ်စုကြား ဆွေးနွေးနေဆဲဖြစ်ကြောင်း ပြောဆိုခဲ့ပြီး မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေး ခိုင်းစေမှုများ ဖော်ထုတ်ရန် ယုံကြည်စိတ်ချရသည့်စနစ်တရပ် ထားရှိ၍ ဆက်လက်ခိုင်းစေသူများအား အရေးယူအပြစ်ပေးရေးကို အိုင်အယ်လ်အိုက နအဖထံ တောင်းဆိုထားသည်ဟုဆိုသည်။ သို့ရာတွင် အဆိုပါတောင်းဆိုမှုကို သဘောတူညီချက် မရရှိသေးပေ။

၎င်းက အဓမ္မလုပ်အားပေး ခိုင်းစေမှုများအား စီမံချက်ရှိရှိ စနစ်တကျ လုပ်ငန်းအကောင်အထည်ဖော်မှသာ မြန်မာပြည်အနှံ့ လုပ်အားပေးခိုင်းစေမှုများရှိနေသည်ဆိုသော စွပ်စွဲချက်များကို မှန် မမှန် စစ်ဆေးနိုင်မည်ဖြစ်ပြီး အဓမ္မလုပ်အားပေး ခိုင်းစေမှုများအပေါ်တွင်လည်း ဥပဒေအရ အရေးယူနိုင်မည်ဟု ဆိုသည်။

ဆက်လက်ပြောကြားရာတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများ ပပျောက်ရေးအတွက် ငွေကြေးအရ လိုအပ်ပါက ပံ့ပိုးမှုများအပါအဝင် စီမံချက်များချရန် အိုင်အယ်လ်အိုက ကမ်းလှမ်းထားကြောင်း၊ ထိုကမ်းလှမ်းချက်ကို နအဖက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အိုင်အယ်လ်အိုအနေဖြင့် နောက်တလှမ်းတက်ကာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်လာနိုင်ကြောင်း ထုတ်ဖော်ပြောဆိုသွားသည်။

၎င်းက မြန်မာပြည်သူများသည် အဓမ္မခိုင်းစေခံနေရဆဲဖြစ်ပြီး အထူးအလေးအနက်ထားရမည့်အခြေအနေသို့ ရောက်နေကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ခိုင်းစေမှုများ ရပ်တန့်သွားသော်လည်း လုံခြုံရေးအရ နအဖ တပ်များ ဆက်လက်တပ်စွဲထားသည့် ထိုင်း၊ ဘင်္ဂလာဒေ့ရှ်နယ်စပ်နှင့် ရခိုင်ပြည်မြောက်ပိုင်းနေရာများတွင် အဓမ္မခိုင်းစေမှုများ သိသိသာသာ အပြောင်းအလဲမရှိသေးသည်ကို အထူးဂရုစိုက်ရမည့်အကြောင်း ဆက်လက်ပြောဆိုသွားခဲ့သည်။

အထူးသဖြင့် အတင်းအဓမ္မလုပ်အားခိုင်းစေသူများမှာ စစ်တပ်နှင့် စစ်တပ်လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြပြီး ၎င်းတို့က လမ်းဖောက်ခြင်း၊ လမ်းပြင်ခြင်း၊ သန့်ရှင်းရေးလုပ်ခိုင်းခြင်း၊ သစ်ပင်စိုက်ခိုင်းခြင်း၊ စစ်တပ်အတွက် ပေါ်တာထမ်းခိုင်းခြင်း၊ စစ်တန်းလျားဆောက်ရခြင်း၊ စစ်တပ်ပိုင် စိုက်ခင်းများတွင် စိုက်ပျိုးရေးလုပ်ပေးရခြင်းများ စသည်ဖြင့် လုပ်ငန်းအမျိုးမျိုးကို ခိုင်းစေခြင်းဖြစ်ကြောင်း ပြောဆိုသွားသည်။ ❖

# စစ်အုပ်စုအပေါ် ဥရောပပါလီမန်မှ ပိတ်ဆို့အရေးယူမှုများ တိုးမြှင့်ဆောင်ရွက်

**မတ်၊ (၁၄) ရက်။**

မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်း၊ မြန်မာ့ဘဏ်များ၏ ငွေကြေးအကျပ်အတည်းများအပါအဝင် အခြား အရေးကြီးသည့်ပြဿနာများ အမြန်ဖြေရှင်းနိုင်ရေးအတွက် စစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား ဆွေးနွေးပွဲများ အမြန်ပြန်စရန် ဥရောပပါလီမန်က တောင်းဆိုလိုက်သည်။

မတ်လ(၁၃)ရက်နေ့က ထုတ်ပြန်ခဲ့သည့် ဥရောပပါလီမန်၏ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေဆိုးဝါးနေမှုများ၊ စစ်အုပ်စု၏ စီမံအုပ်ချုပ်ရေး ညံ့ဖျင်းမှုအတွက် နိုင်ငံတကာပိတ်ဆို့မှု ခံထားရခြင်းကြောင့် အခက်အခဲ ကြုံတွေ့နေရပုံများကို ဖော်ပြထားပြီး မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်နေမှုများ ရပ်ဆိုင်းရန်၊ နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံး ပြန်လွှတ်ပေးရန်နှင့် အလုပ်ကြမ်းခိုင်းစေနေမှုများအား တားမြစ်သည့်ဥပဒေ အမြန်ဆုံး အကောင်အထည်ဖော်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

မကြာမီက ဖမ်းဆီးခံထားရသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ လူထုအပေါ် အတင်းအဓမ္မ ပေါ်တာဆွဲခိုင်းစေနေမှုများ အဆုံးသတ်ရန်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)အဖွဲ့ဝင်များအား မြန်မာနိုင်ငံတွင်း မည်သည့်ဒေသ၌မဆို သွားရောက်လေ့လာစုံစမ်းခွင့်ပြုရန်တို့အပြင် လူနည်းစုတိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအပေါ် နှိပ်ကွပ်သည့်အနေဖြင့် တိုင်းရင်းသူများအား မုဒိမ်းကျင့်နေမှုကိုလည်း ရပ်ဆိုင်းရန် ပြင်းထန်စွာ သတိပေးတောင်းဆိုထားသည်။

အဖွဲ့ဝင်(၁၅)နိုင်ငံပါဝင်သည့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ်ထားရှိသည့် ဘုံရပ်တည်ချက်ကို တနှစ်တကြိမ် ပြန်လည်သုံးသပ်သည့်အချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ မည်သည့်ဘက်တွင်မှ တိုးတက်ပြောင်းလဲမှုမရှိသည့်အတွက် ရှေ့ဆက်၍ မည်သို့ ဖိအားပေးမည်ဆိုသည်ကို ယခုလိုဆုံးဖြတ်ခြင်းဖြစ်ကြောင်း ဥရောပပါလီမန်မှ မစ္စဒင်းနက်ကင်းနွတ်က ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသွားသည်။ ထို့ပြင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားမှုများအား ဆက်လက်ဖိအားပေးသွားမည့်နည်းလမ်းနှင့်ပတ်သက်၍ ၎င်းက ရှင်းလင်းပြောပြခဲ့ရာတွင် မြန်မာနိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် ပြည်သူလူထုအတွက် တစုံတရာအကျိုးမရှိဘဲ စစ်အုပ်စုကိုသာ အကျိုးဖြစ်ထွန်းစေသည့်အတွက် ယခုအခါ မည်သည့်နိုင်ငံကိုမှ မလုပ်ဖူးသေးသည့် အရေးယူမှုမျိုးကိုချမှတ်ရန် ဥရောပပါလီမန်တွင်ပါဝင်သည့် အဖွဲ့ဝင်အားလုံးက သဘောတူခဲ့ကြကြောင်း ရှင်းပြသွားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာသည့် အထောက်အကူများ ပေးသည့်အခါ စစ်အစိုးရက နိုင်ငံရေးအရ ဝင်ရောက်မစွက်ဖက်ရေးနှင့် NGOs များ ပါဝင်ကြီးကြပ်ခွင့်ပြုရန်တို့ကိုပါ တောင်းဆိုထားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်ကိုလည်း ထောက်ခံသည့်အနေဖြင့် ပြောကြားရာတွင် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး တိုးတက်မှုရှိရန် ရည်ရွယ်၍ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းချက်ကိုလည်း ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ပြောကြားချက်အရ စစ်အစိုးရဘက်က ဆွေးနွေးပွဲများ ပြန်လုပ်ရန် အမှန်တကယ် စိတ်မပါခြင်းကို သိရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအရ တစုံတရာဖြစ်ပေါ်တိုးတက်မှုရှိစေရန် ဥရောပပါလီမန်က ပိုမိုဖိအားပေးရခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ❖

# နအဖအဆို ဗြိတိန် လက်မခံ ပြောင်းလဲမှုများ ဖော်ဆောင်ပေးရန် တောင်းဆို

**မတ်၊ (၇)ရက်။**

ဗြိတိသျှနိုင်ငံခြားရေးရုံးဝန်ကြီး မစ္စတာမိုက်အိုဘရိုင်ယန်အနေဖြင့် မြန်မာနိုင်ငံရှိ အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိနေကြောင်း၊ နိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပေးရန် ဗြိတိန်နိုင်ငံက အလေးအနက် တောင်းဆိုလိုက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မိုက်အိုဘရိုင်ယန်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေး၊ ဗြိတိနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်း၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့ပြီးနောက်ပိုင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘရိုင်ယန်သည် မစ္စတာရာဇာလီနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအတွင်း ပိုမိုဆိုးဝါးလာနေသော စီးပွားရေးအခြေအနေ၊ လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများနှင့် နိုင်ငံရေးအခြေအနေများအပေါ် ၎င်း၏ စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုလိုက်ပြီး ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း စစ်မှန်သော ပြုပြင်တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် အကူအညီပေးရန် အဆင်သင့်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မစ္စတာရာဇာလီ လုပ်ဆောင်နေသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအစီအစဉ်အပေါ် ခိုင်မာစွာထောက်ခံကြောင်း အလေးအနက်ပြု ပြောဆိုခဲ့သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖုန်းဖြင့်ဆက်သွယ်၍ စကားပြောစဉ် ဗြိတိန်အနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေများ ကောင်းမွန်လာပြီဟု စစ်အစိုးရမှ ပြောဆိုနေခြင်းများအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ဖြစ်ပေါ်လာမည့် ပြုပြင်ပြောင်းလဲမှုများသည် စစ်အုပ်စုအပါအဝင် ကဏ္ဍအသီးသီးအတွက် အကျိုးရှိစေရမှာဖြစ်ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ၎င်း၏ တကယ့်ခေါင်းဆောင်အရည်အသွေးကို ဖော်ပြနိုင်လျှင် ထိုကိစ္စမှာ အောင်မြင်နိုင်ကြောင်း ပြောဆိုခဲ့သည်။



ဗြိတိသျှနိုင်ငံခြားရေးရုံးဝန်ကြီး
မစ္စတာမိုက်အိုဘရိုင်ယန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတွင်း စီးပွားရေးအခြေအနေ၊ လူ့အခွင့်အရေးအခြေအနေများနှင့် နိုင်ငံရေးအခြေအနေများ တိုးတက်ပြောင်းလဲလာရန် အမြဲတမ်းတောင်းဆိုနေကြောင်း၊ သို့သော် စစ်အစိုးရတာဝန်ရှိသူများအနေဖြင့် ထိုကိစ္စကို လုပ်ဆောင်ခြင်းမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

မစ္စတာဘရိုင်ယန်သည် မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်းနှင့် တွေ့ဆုံစဉ်တွင်လည်း ယခုအချိန်ထိ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ စေ့စပ်ဆွေးနွေးမှုများ မဖော်ဆောင်ခြင်းနှင့် မြန်မာပြည်တွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူ့အခွင့်အရေးအခြေအနေများအတွက် ၎င်း၏ စိုးရိမ်ပူပန်မှုများကို အလေးအနက်ထား ပြောဆိုလိုက်သည်။ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခဲ့လျှင် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာနိုင်ကြောင်း၊ သို့သော်လည်း ဗြိတိန်နိုင်ငံအနေဖြင့် နအဖနှင့် ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်နေသူများအကြား ဆက်ဆံရေး ဆုတ်ယုတ်မှုလက္ခဏာများ မဖြစ်ပေါ်ရေးကို လိုလားကြောင်း အလေးအနက် ပြောဆိုခဲ့သည်ဟု သိရသည်။ ❖

# နအဖနှင့်ပူးပေါင်းသည့် ဆေးလိပ်ကုမ္ပဏီကြီး ဆန္ဒပြခံနေရ

**မတ်၊ (၂၆)ရက်။ [လန်ဒန်]**

မြန်မာပြည်တွင် နအဖစစ်အုပ်စုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေသော အင်္ဂလန်နိုင်ငံအခြေစိုက် ဆေးလိပ်ကုမ္ပဏီကြီးတခုဖြစ်သည့် British American Tobacco (BAT) အား စက်ရုံပိတ်ပစ်ရန် ဆန္ဒပြပွဲတခုအား Burma Campaign-UK မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

ထိုဆန္ဒပြပွဲတွင် ဆန္ဒပြသူများသည် လန်ဒန်မြို့ ကုမ္ပဏီဌာနချုပ်ရုံးရှေ့တွင် စုရုံး၍ BAT ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ken Clarke ၏ မျက်နှာပုံစံ မျက်နှာဖုံးအတုများကို တပ်ဆင်၍ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ Burma Campaign-UK ၏ ညွှန်ကြားရေးမှူး John Jackson က BAT ကုမ္ပဏီသည် ကိုယ့်တိုင်းသူပြည်သားများအပေါ် သတ်ဖြတ်ညှဉ်းဆဲ နှိပ်စက်မုဒိမ်းကျင့်နေသည့် အစိုးရကို ဘဏ္ဍာငွေကြေးထောက်ပံ့နေခြင်းဖြစ်ကြောင်း ပြောဆိုသွားသည်။ ထို့ပြင် ဆန္ဒပြသူများသည် ဗြိတိသျှပါလီမန်အမတ်တဦးလည်းဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးဟောင်းတဦးလည်းဖြစ်သူ Ken Clarke က ၎င်း၏ မဲဆန္ဒရှင်များကို ပေးပို့ခဲ့သည့်စာတွင် ရေးသားထားသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ၎င်း၏ကုမ္ပဏီအတွက် စိတ်မသက်မသာဖြစ်ရပါကြောင်း ဖော်ပြထားသည့် စာပိုဒ်များကို ပိုစတာများ ပြန်လည်ရေးသားကိုင်ဆောင်၍ ဆန္ဒပြခဲ့ကြခြင်း ဖြစ်သည်။

BAT ခေါ် ဗြိတိသျှဆေးလိပ်ကုမ္ပဏီကို ကန့်ကွက်ဆန္ဒပြသည့် လှုပ်ရှားမှုများမှာ ၂၀၀၂ ခုနှစ် နိုဝင်ဘာလက စတင်ကျင်းပလာခဲ့ခြင်းဖြစ်သည်။ အလားတူ အာရှနှင့် အခြားဒေသရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဖိအားပေးမှုကိုလည်း ခံနေရပြီး ဧပြီလတွင် ကျင်းပမည့် BAT ၏ နှစ်ပတ်လည် အထွေထွေညီလာခံ နီးကပ်လာချိန်၌ ယခုကဲ့သို့ ဖိအားပေးမှုများ ပိုမိုတိုးတက်လာနေခြင်းဖြစ်သည်။

သြစတြေးလျအခြေစိုက် Union Aid Aboard (UAA)မှ တာဝန်ရှိသူတဦးဖြစ်သော Marj O'Callghan က ILO နှင့် ICFTU တို့က မြန်မာပြည်တွင် အဓမ္မ လုပ်အားပေးခိုင်းစေနေမှုများ မြင့်မားနေဆဲဖြစ်ကြောင်း အစီရင်ခံစာများ ထုတ်ပြန်ခဲ့သည့်အတွက် မြန်မာပြည်ရှိ ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုများမှ နုတ်ထွက်ရန် ကျနော်တို့ တောင်းဆိုနေခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ICFTU မှ လေ့လာမေးမြန်းထုတ်ပြန်ထားသည့် စာမျက်နှာ(၃၅၀)ပါ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာတွင် ထိုအစီရင်ခံစာ၌ မြန်မာပြည်အတွင်းရှိ အလုပ်သမားသမဂ္ဂများအားလုံး ပြင်းထန်စွာ တိုက်ခိုက်ခံနေရပြီး နိုင်ငံခြားကုမ္ပဏီများသည် စစ်အစိုးရ အသက်ဆက်ရေးကို ဆက်လက်ကူညီပေးနေကြကြောင်း ဖော်ပြထားသည်။

BAT ကမူ မြန်မာပြည်တွင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် တိုင်းပြည်စီးပွားရေး တိုးတက်လာ၍ လူမှုရေးနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာလိမ့်မည်ဟု အခိုင်အမာ လက်ခံထားပြီး၊ မြန်မာပြည်တွင် ဆက်လက်ရှိနေဦးမည်ဟု ဆိုရာ ဗြိတိန်အခြေစိုက် Burma Campaign မှ John Jackson က BAT သည် အများပြည်သူတို့၏ မျက်လုံးဒေါက်ထောက် ကြည့်ခြင်းကိုခံရမည်ဖြစ်ကြောင်း၊ သူတို့ကို ဖိအားဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ❖

# ရန်ကုန်မြို့လယ်ခေါင်က ဗုံးပေါက်ကွဲမှု

**မတ်၊ (၂၇-၂၈)ရက်။**

မတ်လ(၂၇)ရက်နေ့၊ တော်လှန်ရေးနေ့တွင် လုံခြုံရေး ထူထပ်စွာချထားသည့်ကြားက ရန်ကုန်မြို့လယ် ဆူးလေဘုရားအနီး ဗိုလ်ဆွန်ပက်လမ်းရှိ ဆက်သွယ်ရေးရုံးရှေ့တွင် ဗုံးပေါက်ကွဲမှုတရပ်ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ထိုနေ့ နေ့လည် တနာရီခန့်အချိန်က ဗိုလ်ဆွန်ပက်လမ်းမပေါ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းအိတ်ချိန်းရုံးရှေ့ရှိ အမှိုက်ပုံမှ ဗုံးတလုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် စည်ပင်သာယာရေး အလုပ်သမား (၂)ဦး သေဆုံးကာ (၃)ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ထို့ပြင် ဆက်သွယ်ရေးရုံးအဆောက်အဦ၏ ပြတင်းပေါက်အတော်များများလည်း ပျက်စီးသွားခဲ့ကြောင်းသိရပြီး၊ ထိုသို့ဖြစ်ပွားခဲ့မှုကြောင့် လမ်းကို လုံခြုံရေးအရ ပိတ်ထားလိုက်ရကြောင်း သိရသည်။ ထိုနေ့စောစောပိုင်းကလည်း မဟာဗန္ဓုလပန်းခြံအတွင်း မပေါက်ကွဲသေးသည့် ဗုံးတလုံးတွေ့ရှိခဲ့သေးကြောင်း သိရှိရသည်။

မတ်လ(၂၈)ရက်နေ့တွင် ဗုံးပေါက်ကွဲမှုကို စတင်စုံစမ်းစစ်ဆေးကြောင်းသိရသည်။

ပေါက်ကွဲခဲ့သည့် ဗုံးသည် ချိန်ကိုက်ဗုံးဖြစ်ကြောင်း အမည်မဖော်လိုသူ စစ်အစိုးရတာဝန်ရှိသူတဦးက ပြောကြားခဲ့သည်။ သေဆုံးသွားခဲ့သူမှာ အသက်(၂၈)နှစ်အရွယ် စည်ပင်သာယာရေးဝန်ထမ်း ဦးအောင်ထွန်းရှိန်ဖြစ်ပြီး ၎င်းက အမှိုက်ပုံထဲတွင် တွေ့ရသည့်ပစ္စည်းကို အိတ်ထဲထည့်နေစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်ဟု သိရသည်။ ဗုံးသည် ရင်ဘတ်အနီး ပေါက်ကွဲခဲ့ပြီး လက်နှစ်ဘက် ပြတ်သွားခဲ့သည်ဟု ဆေးရုံဝန်ထမ်းများအဆိုအရ သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နအဖပိုင် သတင်းမီဒီယာများက တစုံတရာ ထုတ်ဖော်ပြောဆိုခြင်း မရှိသေးသလို အာဏာပိုင်များကလည်း ယခင်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့စဉ်ကလို အဖွဲ့အစည်းတခုခုအပေါ် တစုံတရာ စွပ်စွဲပြောဆိုမှု မပြုသေးသည့်အတွက် ထူးခြားနေကြောင်း ရန်ကုန်မြို့ရှိ သံတမန်များအသိုင်းအဝိုင်းက ဝေဖန်ပြောဆိုနေကြသည်။

❖ ❖ ❖

# ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

**○ ယခင်အပတ်မှ အဆက်**

ဒီလိုပြင်းထန်မှုကြောင့်၊ ဒီလိုအပြောင်းအလဲတွေကြောင့် တကမ္ဘာလုံးက အာရုံစိုက်တာ ခံခဲ့ရတာပဲ။ အဲဒီလို မြန်မာနိုင်ငံမှာ ဒီမိုကရေစီလှုပ်ရှားမှုတွေဖြစ်တော့ တရုတ်မှာလဲဖြစ်လာတယ်။ အရှေ့ဂျာမနီ၊ ဆိုဗီယက်ပြည်ထောင်စု၊ ပိုလန်၊ ဟိုလန်၊ ဟန်ဂေရီ၊ ချက်ကိုစလိုဗက်ကီးရီးယား၊ ရူမေးနီးယား စတဲ့နိုင်ငံတွေ ဆက်တိုက်ဆိုသလိုဖြစ်လာကြတယ်။ တရုတ်မှအပ အားလုံးပြောင်းလဲသွားတယ်။ ဒါပေမယ့် စဖြစ်ခဲ့တဲ့မြန်မာနိုင်ငံမှာ ခုထိမပြောင်းလဲသေးဘူး။ အဲဒါဘာကြောင့်လဲဆိုတော့ အစောပိုင်းကပြောခဲ့သလို စစ်ဘက်က ပေးတဲ့ကတိအပေါ် ယုံကြည်မှုနဲ့ အကြမ်းမဖက်ဘဲ ရနိုင်တယ်ဆိုတဲ့ ခံယူချက်တွေကြောင့်ဖြစ်တယ်။

ဟုတ်ပြီ။ ဒီတော့ ဒီလှုပ်ရှားမှုမှာ ဗုဒ္ဓဘာသာသံဃာတော်တွေ ရှေ့တန်းက ပါဝင်ခဲ့တာကို ပြောကြရအောင်။ အဲဒီတုန်းက ဦးပဥ္စင်း (ခု စာရေးပေးပို့ခဲ့တဲ့ပုဂ္ဂိုလ်) ရန်ကုန်မြို့တော်မှာ ရှိခဲ့တယ်။ အဲဒီလှုပ်ရှားမှုမှာ အရေးပါတဲ့နယ်မြေတခုရဲ့ အထွေထွေအတွင်းရေးမှူး၊ ရဟန်းပျိုသမဂ္ဂ (ရန်ကုန်)ရဲ့ ခေါင်းဆောင်(၁၆)ပါးအနက် တဦးအပါအဝင်၊ အောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်၊ လွတ်မြောက်နယ်မြေအခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂရဲ့ ဥက္ကဋ္ဌ၊ အရေးတော်ပုံကြီးကြပ်ရေးကော်မတီရဲ့ ကိုယ်စားလှယ်၊ အထွေထွေသပိတ်ကော်မတီရဲ့ ဖောင်ဒါတဦး စသဖြင့် ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် လှုပ်ရှားမှုတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို အတွင်းကျကျ အသေးစိတ်သိတယ်။ သံဃာတွေဟာ ပထမတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားကြတယ်။ တသီးပုဂ္ဂလ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားတာ သိပ်ခရီးမရောက်တော့ အဖွဲ့အစည်းနဲ့ လှုပ်ရှားနိုင်အောင် ရဟန်းပျိုသမဂ္ဂ(ရန်ကုန်)ကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးများရဲ့ ပါဠိစာသင်တိုက်ကြီးတွေက ငယ်ရွယ်တဲ့စာသင်သားတွေကို ကျောင်းတိုက်တတိုက် တပါး၊ နှစ်ပါးစီ ပါဝင်စေပြီး လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ကြတယ်။ ဒီသံဃာအဖွဲ့အစည်းဟာ သီးသန့်လှုပ်ရှားခဲ့သလို ကျောင်းသားတွေ၊ အခြား ဌာနဆိုင်ရာသမဂ္ဂတွေ၊ စက်ရုံအလုပ်သမားသမဂ္ဂတွေနဲ့လဲ ပူးပေါင်းလှုပ်ရှားခဲ့ကြတယ်။

အထက်မြန်မာနိုင်ငံ မန္တလေးမြို့အခြေစိုက်ဧရိယာတွေမှာလဲ ရဟန်းပျိုသမဂ္ဂ၊ ဂဠုန်နီသံဃာ့အဖွဲ့ချုပ်၊ သံဃာ့သမဂ္ဂီ၊ ဂျိုးဖြူစတဲ့အမည်တွေနဲ့ သံဃာတွေဟာ ဒီမိုကရေစီလှုပ်ရှားခဲ့ကြတယ်။ ဒ့ါပြင် နိုင်ငံတဝှမ်း မြို့ကြီး၊ မြို့သေးမကျန် ရဟန်းပျိုသမဂ္ဂဖွဲ့စည်းပြီး ပါဝင်လှုပ်ရှားခဲ့တာဟာ အထင်အရှားဖြစ်တယ်။ အဲဒီ ဒီမိုကရေစီလှုပ်ရှားမှုတွေမှာ သံဃာတွေ အသက်ဆုံးရှုံးခဲ့တာရှိသလို ဖမ်းဆီးထောင်ချခြင်းခံခဲ့ရတဲ့ သံဃာတွေလည်း အများအပြားရှိတယ်။ ဗုဒ္ဓဘာသာသံဃာတွေဟာ ဘဝ၊ အသက်၊ ဓန၊ ပညာတွေကို စွန့်ပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးတွေကို လမ်းမပေါ်မှာ၊ ထောင်ထဲမှာ ဆောင်ရွက်ခဲ့တယ်။ ဒါနဲ့ပတ်သက်လို့ အဲဒီတုန်းကထုတ်ဝေတဲ့ မြန်မာနိုင်ငံစာနယ်ဇင်းတွေ၊ ထိုင်း စာနယ်ဇင်းတွေ၊ တိုင်း(မ်)မဂ္ဂဇင်းတို့၊ နယူးဝိ(ခ်)တို့နဲ့ နိုင်ငံတကာအသံလွှင့်ဌာနတွေရဲ့ ရုပ်မြင်သံကြားလွှင့်စက်တွေရဲ့ ထုတ်လွှင့်ချက်တွေကို တွေ့ခဲ့ကြရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကို မတွေ့လိုက်ရဘူး၊ မမြင်ဖူးလိုက်ဘူးဆိုရင် ကမ္ဘာကြီးနဲ့ အင်မတန်ကင်းကွာတဲ့ အရပ်ဒေသမှာ ရောက်ကောင်းရောက်နေလို့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ မမြင်ချင်၊ မသိချင်ဟန်ဆောင်တာတောင် မမြင်ချင် မသိချင်လို့ မလွတ်နိုင်လောက်အောင်ထိ တကမ္ဘာလုံး အုတ်အော်သောင်းနင်း ဖြစ်နေခဲ့လို့ပါပဲ။

**၁၉၉၀ ခုနှစ်ရွေးကောက်ပွဲ အောင်ပွဲ**

အဲဒီ ၈–၈–၈၈ လှုပ်ရှားမှုရဲ့ နောက်ဆက်တွဲအဖြစ် ၁၉၉၀ ခု ရွေးကောက်ပွဲကို သတ်မှတ်နိုင်တယ်။ အာဏာသိမ်း အာဏာရှင်စစ်အုပ်စုကလည်း လက်ခံတယ် မဟုတ်လား။ ယုံကြည်ချက်ကတော့ ရွေးကောက်ပွဲနိုင်ရင် ဒီမိုကရေစီရမယ်၊ အကြမ်းဖက်တိုက်ခိုက်စရာ မလိုဘူးဆိုတဲ့အချက်ပါပဲ။ အာဏာသိမ်းစစ်အုပ်စုကလည်း ရွေးကောက်ပွဲမှာနိုင်တဲ့ပါတီကို အာဏာအပ်ပြီး စစ်တန်းလျားကို ပြန်မယ်ဆိုပြီး ခိုင်မာစွာ ကတိပေးခဲ့တယ်။ ဒီမိုကရေစီအတွက် ဒီလောက်သေချာတာ ဘယ်မှာရှိမလဲ။ စစ်သားကြီးတွေရဲ့ကတိဆိုတော့ အဲ့ဒီတုန်းက ပုံပြီး ယုံခဲ့တာပါပဲ။ ၁၉၉၀ ခု၊ မေလ(၂၇)ရက်နေ့မှာ ရွေးကောက်ပွဲ ပြုလုပ်ပေးခဲ့တယ်။ အဲဒီရွေးကောက်ပွဲမှာ –

- NLD ပါတီက ၈၀ ဒသမ ၈၂ ရာခိုင်နှုန်းနဲ့ နိုင်တယ်။
- ALD ပါတီက ၂ ဒသမ ၂၇ ရာခိုင်နှုန်းနဲ့ နိုင်တယ်။
- SNLD ပါတီက ၄ ဒသမ ၇၄ ရာခိုင်နှုန်း နိုင်တယ်။

နေရာဒေသအလိုက် နိုင်ကြတယ်။ ရာခိုင်နှုန်းအရကတော့ ၈၈ ဒသမ ၈၃ ဖြစ်တယ်။ တစညဆိုတဲ့ စစ်တပ်နောက်ခံဖွဲ့ထားတဲ့ပါတီ (NUP)က ၁ ဒသမ ၇၆ ရာခိုင်နှုန်းနဲ့ ရှုံးခဲ့တယ်။ ဒါပေမယ့် ၁၂ နှစ်ရှိခဲ့ပေမယ့် ယနေ့အထိ အာဏာလွှဲပြောင်းပေးမှု လုံးဝမလုပ်တဲ့အပြင် ပါတီ(၂၀၀)ခန့်ကို တရားမဝင်ဆိုပြီး အဓမ္မဖျက်သိမ်းခဲ့တယ်။ ပါတီခေါင်းဆောင်တွေကိုလဲ တယောက်ပြီးတယောက် ဖမ်းဆီးထောင်ချတယ်။ ဒီမိုကရေစီလှုပ်ရှားသူတွေကိုလဲ တယောက်ပြီးတယောက် ဖမ်းဆီးထောင်ချတယ်။ ရှုံးတဲ့ပါတီက အစိုးရဖြစ်လာပြီး ထင်သလိုကြဲနေတာ ဒီနေ့အထိပဲ။ အဲဒီလို အနိုင်ရခဲ့ကြတာဟာ ဗုဒ္ဓဘာသာသံဃာတော်၊ ကျောင်းသားနဲ့ ပြည်သူတရပ်လုံးရဲ့ ညီညွတ်မှုကြောင့်ပါပဲ။ ယနေ့ထိလဲ ဆက်ပြီး ဒီမိုကရေစီအတွက် ညီညွတ်နေကြပါသေးတယ်။

**၁၉၉၀ ခုနှစ် စစ်အာဏာရှင်တွေအပေါ် ဗုဒ္ဓဘာသာသံဃာတော်များက ဘာသာရေးသပိတ်မှောက်ခြင်း (သို့) ပတ္တနိက္ကုဇ္ဇနကံဆောင်ခြင်း**

ရွေးကောက်ပွဲရှုံးပြီး ကတိအတိုင်း အာဏာမအပ်တဲ့အပြင်၊ ဒီမိုကရေစီမဖော်ဆောင်ပေးတဲ့အပြင် ဖိနှိပ်မှုတွေ လုပ်လာခဲ့တယ်။ ဒါကြောင့်မို့လို့ ၁၉၉၀ ခုနှစ်တုန်းက စစ်အာဏာရှင်အပေါ် ပြတ်ပြတ်သား ဘာသာရေးအရ အရေးယူဖို့ အင်မတန်ကျယ်ပြန့်တဲ့ ဗုဒ္ဓဘာသာ သံဃာတော်များရဲ့ ဘာသာရေးသပိတ်မှောက်မှု ပေါ်ပေါက်ခဲ့တယ်။ ဒါကို ပါဠိလိုတော့ ပတ္တနိက္ကုဇ္ဇနကံဆောင်တယ်လို့ခေါ်တယ်။ ဒီလှုပ်ရှားမှုမှာ ဘာသာရေးဘောင်ထဲက အကြမ်းမဖက်တဲ့နည်းတွေနဲ့ စစ်အာဏာရှင်တွေအပေါ် ပြောင်ကျကျစိန်ခေါ်ခဲ့တာဖြစ်တယ်။ ဒါမှမဟုတ် အာဏာရှင်တွေရဲ့ မတရားစော်ကားလွှမ်းမိုးမှုအပေါ် ရဲရဲဝံ့ဝံ့ ထိပ်တိုက်ရင်ဆိုင်ခဲ့တာဖြစ်တယ်။ ဒီနေရာမှာ နှစ်ပိုင်းရှုမြင်နိုင်တယ်။ ပထမအချက်ကတော့ ဘာသာရေးအပေါ် စော်ကားမော်ကားလုပ်တာဖြစ်ပြီး၊ ဒုတိယအချက်ကတော့ ပြည်သူအပေါ် အနိုင်ကျင့်တာ၊ ဗိုလ်ကျတာ ဖြစ်တယ်။

ဒါနဲ့ပတ်သက်လို့ နည်းနည်းဆက်ရှင်းဖို့ လိုလိမ့်မယ်။ ၈–၈–၉၀ နေ့မှာ မြန်မာနိုင်ငံရဲ့ ဒုတိယမြို့တော်ဖြစ်တဲ့ မန္တလေးမြို့မှာ ပြည်သူတရပ်လုံးက ဘာသာရေးအလှူပွဲတခု စုပေါင်းပြုလုပ်ခဲ့တယ်။ ဗုဒ္ဓဘာသာသံဃာတွေ ဘယ်ပုဂ္ဂိုလ်မဆို ကြွရောက်အလှူခံနိုင်တယ်။ အဲဒီတုန်းက အလှူခံ ဆွမ်းခံကြွသံဃာ(၇၀၀၀)ဝန်းကျင်ရှိနိုင်တယ်လို့ မျက်မြင်သက်သေတွေက ဆိုတယ်။

ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

# ဆင်ကို ဝေဖန်သည့် သမိုင်းပညာရှင်၏စာပေ ပိတ်ပင်ခံရ



မြန်မာ့သမိုင်းသုတေသီ အငြိမ်းစားပါမောက္ခ ဒေါက်တာသန်းထွန်း

**မတ်၊ (၂၀)ရက်။**

မြန်မာ့သမိုင်းသုတေသီ ပါမောက္ခ ဒေါက်တာသန်းထွန်း လစဉ် အခန်းဆက် ရေးသားနေသည့် ပင်တိုင်ဆောင်းပါးတပုဒ်ကို စာပေစိစစ်ရေးရုံးက တားမြစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်လက ဆရာကြီး ဒေါက်တာသန်းထွန်းသည် နအဖခေါင်းဆောင်များ အမြတ်တနိုးဖြစ်နေကြသည့် ဆင်ဖြူများအား "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်ဖြူတို့အကြားမှာ ဆက်နွယ်မှု ဘာမှမရှိပါဘူး၊ ဆင်ဟာ ဖြူဖြူမဲမဲ တိရစ္ဆာန်ပါပဲ"ဟု ဝေဖန်ပြောဆိုခဲ့သည့်အတွက် လစဉ်ရေးသားနေသော ပင်တိုင်ဆောင်းပါးကို အာဏာပိုင်များက ယခုလို ပိတ်ပင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း စာပေအသိုင်းအဝန်းက ယူဆနေကြသည်။ သို့ရာတွင် ဒေါက်တာသန်းထွန်းကမူ ပိတ်ပင်ခံရခြင်းနှင့်ပတ်သက်၍ အတိအကျ မပြောနိုင်သေးဟုဆိုသည်။ သမိုင်းပညာရှင်သုတေသီတဦးဖြစ်သူ ဒေါက်တာသန်းထွန်းသည် 'ကလျာ'လစဉ်ထုတ်မဂ္ဂဇင်းတွင် (၁၈) ရာစုအတွင်း မြန်မာပြည်မှ ဘုရင်များအကြောင်း အခန်းဆက်ရေးသားနေသူဖြစ်ပြီး အခြားသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ မြောက်မြားစွာ ရေးသားခဲ့ ရေးသားနေဆဲဖြစ်သူ ပညာရှင်တဦးဖြစ်သည်။ ❖

**○ ရှေ့ဖုံးမှ**

လူထုနှင့်ဆက်သွယ်မှုသည် အဓိကလုပ်ငန်းဖြစ်သော်လည်း ကျေနပ်လောက်အောင် အောင်မြင်မှုမရရှိသေးသည့်အတွက် ပွင့်လင်းသည့် အခြေအနေများ လိုအပ်နေကြောင်း ပြောကြားခဲ့ပြီး ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ဒီမိုကရေစီရရန် လိုအပ်သည်ဟု ပြောကြားသွားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် နအဖအနေဖြင့် အန်အယ်လ်ဒီနှင့် ဆွေးနွေးရန် အဓိကဖြစ်ကြောင်း၊ ဆွေးနွေးမှုများဖြစ်ပေါ်လာမှသာလျှင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ရရှိပြီး နိုင်ငံတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံပေါ်တွင် စေတနာရှိသည် ဆိုပါက တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်လာရန် အားလုံးကူညီကြဖို့ လိုအပ်ကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် လူတိုင်းလူတိုင်း တိုင်းပြည်အကျိုးအတွက် လုပ်ပိုင်ခွင့်ရရှိရန် အခွင့်အရေးလိုအပ်ကြောင်း ပြောကြားခဲ့ပြီး ဒီမိုကရေစီပြောင်းလဲရေးအတွက် ပြင်ပနိုင်ငံတခုကို အကြံပေးရန် ဖိတ်ခေါ်ခြင်းထက် အမျိုးသားအချင်းချင်း ဆွေးနွေးမှုသည်သာ ပိုမိုကောင်းမွန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုများနှင့်ပတ်သတ်၍ ပြောကြားခဲ့ရာတွင် နိုင်ငံသားများအားလုံး ညီညွတ်မှု အားနည်းနေသေးကြောင်း ပြောကြားခဲ့ပြီး ပြည်တွင်းပြည်ပရှိနိုင်ငံသားအားလုံး ရဲဘော်ရဲဘက်စိတ်အပြည့်အဝနှင့် ညီညွတ်ရေးကို ဦးတည်ကြစေလိုသည်ဟု သတိပေးသွားခဲ့သည်။ ပြည်သူများအားလုံးနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် လက်ရှိအကျပ်အတည်းများကြောင့် ဆင်းရဲဒုက္ခ ရင်ဆိုင်နေကြသော်လည်း ရေရှည် အကျိုးစီးပွားကို ကြည့်ကာ အနစ်နာခံသင့်ပါက ခံကြရမည်ဖြစ်ပြီး၊ ဒီမိုကရေစီစနစ် အမြန်ဆုံးထွန်းကားလာရန် ကိုယ်နိုင်သည့်ဘက်က ကူညီပေးရန်လိုအပ်ကြောင်း ပြည်သူများအနေဖြင့် မကောင်းသည့်ကိစ္စကို ကောင်းသည်ဟု မပြောရန်နှင့် မတရားသည့်ကိစ္စကို တရားသည်ဟု မထောက်ခံရန်ဆိုသည့် အချက်နှစ်ရပ်ကိုသာ လိုက်နာကြမည်ဆိုပါက နိုင်ငံတွင် အများကြီးပြောင်းလဲလာမည်ဖြစ်ကြောင်း တိုက်တွန်းသွားသည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းသည် လူမှုရေးအသင်းဟုဆိုသော်လည်း နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်နေသည်ကို ရခိုင်ပြည်ခရီးစဉ်တွင် အထင်အရှားတွေ့မြင်ရကြောင်း အတိအလင်းထုတ်ဖော်ပြောကြားခဲ့ပြီး၊ နအဖနှင့် အန်အယ်လ်ဒီတို့အကြား ယုံကြည်မှုတည်ဆောက်မှုသည် လိုအပ်သည်ထက်ပို၍ အချိန်ယူခဲ့ပါက ယုံကြည်မှုဆုတ်ယုတ်မှုကိုသာ ဖြစ်ပေါ်နိုင်သည်ဟု ပြောဆိုသွားသည်။

ဘဏ်ကိစ္စအကျပ်အတည်းတွင် ဆေးမြီးတိုနှင့်ဖြေရှင်းနေခြင်းသည် နိုင်ငံ၏ စီးပွားရေးပြဿနာကို ဘယ်လိုမှ ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း သတိပေးပြောဆိုသွားခဲ့သည်။

နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ပြောဆိုရာတွင် အန်အယ်လ်ဒီက မူလရပ်တည်ပြောဆိုခဲ့သည့်အတိုင်း တာဝန်သိမှုနှင့် ပွင့်လင်းမှုနှစ်ခုပေါ် အခြေခံပြီး ပြည်သူလူထုသိရှိရန် လိုအပ်ကြောင်း ပြောဆိုသွားသည်။

အန်အယ်လ်ဒီသတင်းစာစောင် ထုတ်ဝေမည့်ကိစ္စနှင့်ပတ်သက်၍ ခွင့်ပြုချက်မရသေးကြောင်း သိရှိရပြီး ပြည်သူလူထုနှင့် အနီးကပ် တွေ့ဆုံနိုင်မည့် ရန်ကုန်ပြင်ပခရီးစဉ်များထွက်ရန် အစီအစဉ်များရှိကြောင်း အဆိုပါ မေးမြန်းခန်းတွင် ပြောဆိုသွားခဲ့သည်။

❖ ❖ ❖



ကဗျာဆရာကြီးတင်မိုး

# ကဗျာဆရာကြီးတင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်း (၂)

**စစ်တက္ကသိုလ်လို့ အသံကြားလိုက်တာနဲ့ စိတ်ထဲ၊ စစ်ဆိုတဲ့၊ စစ်ဆိုတဲ့ အသံကြားလိုက်တာနဲ့ ကျနော့်စိတ်မှာ မလိုမလားစိတ် ပေါက်လာတယ်၊ အလိုလိုနေရင်း နိုးကြားလာသလား မသိဘူး၊ အဲဒီမှာ အဲဒီစစ်ဗိုလ်တွေကို “ဟာ...စစ်တပ်အာဏာတည်မြဲရေးအတွက်တော့ ကျနော် ရေးမပေးနိုင်ဘူးဗျာ”လို့ ပြောလိုက်တယ်၊**

❍ ယခင်အပတ်မှအဆက်

လုပ်ပိုင်ခွင့်လေးကို ရောင်းစားတာပေါ့။ ပါမစ်ကလေး ရောင်းစားတာပေါ့။

အဲဒီတော့ ထုတ်ဝေသူက တကယ်ထုတ်ချင်သူက အကုန်လုံး ဦးခိုက်ပူဇော်ပြီးမှ ထုတ်ရတာ။ အဲဒီလို အခက်အခဲတွေကြီးမားတော့ အရင်းအနှီးတွေ ကြီးမားသွားတယ်။ စာအုပ်ဈေးတွေလည်း ကြီးမားသွားတော့တာပေါ့။

ပရိသတ်က နိုးကြားနေတဲ့ ပရိသတ်၊ စာဖတ်ချင်တဲ့ ပရိသတ်ဆိုတော့ များလာတာကိုး။ ဒီလိုအဆမတန်များလာတော့ စာစောင်တွေက များလာရတာကိုး။ အဲဒီလို စာစောင်တွေများလာတော့ စာပေဖွံ့ဖြိုးလာတယ်လို့ ပြောလို့မရဘူး။ များလာသမျှကို စနစ်တကျ သူတို့က နှိပ်ကွပ်နေတာလို့ ကျနော်တို့က မြင်တယ်။ ဥပမာ.... သူတို့ ထောက်လှမ်းရေးကထုတ်တဲ့ မြန်မာတိုင်းမ်ဂျာနယ်၊ ထောက်လှမ်းရေးမဟာဗျူဟာဌာနက ထုတ်တယ်ဆိုတာ လူတိုင်းသိတာပေါ့ဗျာ။ ဒါက ထောက်လှမ်းရေးရဲ့ အလုပ်တွေပဲ။ သူတို့အစိုးရရဲ့ အာဘော်တွေပဲ၊ ဟုတ်လား။ နည်းနည်းလေး အယောင်ဆောင်တာပဲရှိတယ်။ အရင်တုန်းကတော့ စာစောင်တိုင်းမှာ ဒီ စစ်ဗိုလ်တွေရဲ့ ပြုံးတုံးပြုံတဲတွေ အမြဲတမ်းပါတယ်။ အဲဒီမှာ အဲဒါတွေကို ကိုယ်ယောင်ဖျောက်ပြီးတော့ သာမန်အရပ်သူအရပ်သားလိုလို ဘာလိုလို လုပ်ထားတယ်။ အဲဒီလို အပေါ်ယံရွှေမှုန်ကြဲထားတဲ့ စာစောင်တွေပါ။ တကယ့်အနှစ်သာရကတော့ သူတို့ အကျိုးစီးပွားအတွက် ဖန်တီးတာ။ စာပေအကျိုးစီးပွားအတွက် မဟုတ်ဘူး။ ပြည်သူလူထုရဲ့ နား၊ မျက်စေ့ပွင့်ရေးအတွက် မဟုတ်ဘူးဆိုတာ ကျနော် ရဲရဲကြီး ပြောရဲပါတယ်။

❑ ဆရာကြီးကို စစ်ထောက်လှမ်းရေးက စစ်ဆေးတုန်းက စာပေလွတ်လပ်ခွင့်မရှိဘူးလို့ ဝန်ခံသွားခဲ့တယ်ဆိုတာ ကြားဖူးပါတယ်။ အဲဒီအတွေ့အကြုံကို ပြန်ပြောပြပေးပါ ဆရာ။

❍ ဒီလိုဗျ.... စာပေလွတ်လပ်ခွင့်ပေးပါရက်သားနှင့် ကျနော်တို့ စာရေးဆရာတွေက စည်းမဲ့ကမ်းမဲ့ ရေးတယ်လို့ သူက စွပ်စွဲတော့ ကျနော်က မဟုတ်တဲ့အကြောင်း၊ စာပေလွတ်လပ်ခွင့်ပေးထားတာ မဟုတ်တဲ့အကြောင်း ပြောတယ်။ အဲ့ဒီမှာ စာအုပ်တအုပ်၊ မဂ္ဂဇင်းတအုပ် ထုတ်ဝေရတဲ့ ဖြစ်စဉ်(ပရိစီဂျာ)ပေါ့ဗျာ။ အဲဒီဖြစ်စဉ်တွေကို ကျနော်က အသေးစိတ်ရှင်းပြတယ်။ အဲဒါတွေကို တခါမှ သူမကြားဖူးဘူး။ စာပေစိစစ်ရေးက အသေးစိတ် ဒုက္ခပေးနေတာ၊ နှိပ်ကွပ်နေတာ အဲဒါတွေ သူမသိဘူး။ သူ အဲဒီတုန်းက ပြောတယ်။ ဟုတ်လားတဲ့၊ အဲဒီလိုလားတဲ့။ ကျနော်တို့က စာပေလွတ်လပ်ခွင့်ပေးထားပြီးတော့ စာရေးဆရာတွေက စည်းမဲ့ကမ်းမဲ့ ရေးနေတယ်လို့ ထင်တာတဲ့။

ကျနော် ကျေးဇူးတင်တယ်ဗျာတဲ့။ ဒီလို ကွက်ကွက်ကွင်းကွင်း မသိဘူးတဲ့။ ကျနော်က ခင်ဗျားကို လုပ်ကြံပြောတာ မဟုတ်ဘူးလို့ ကျနော် လက်တွေ့ပြနိုင်တယ်ဆိုပြီး ကျနော်ထုတ်တဲ့ ပေဖူးလွှာမဂ္ဂဇင်း စာပေစိစစ်ရေးမဝင်ခင် ကော်ပီရယ်၊ တင်ပြီးမှ ဖြန့်ချိခွင့်ရတဲ့ ကော်ပီရယ်၊ အဲဒီနှစ်ခုယှဉ်ပြီး သူတို့ကို ကျနော်သေသေချာချာ ရှင်းပြတယ်။ အဲဒီလိုရှင်းပြတော့ သူသိပ်ပြီး စိတ်ဝင်စားသွားတယ်။ အဲဒီမှာ ဟုတ်ပါတယ်တဲ့။ သူ သိပ်ပြီးသဘောကျသွားတယ်။ သူတို့ ဖြတ်တောက်ခိုင်းထားတဲ့ ကဗျာတွေ ဘာ့ကြောင့် ဖြတ်တောက်ခိုင်းသလဲဆိုတာတော့ ကျနော် နားမလည်ဘူး။ ဖတ်ကြည့်ပါဆိုတော့ ဖတ်ကြည့်တယ်။ သူလည်း အမျိုးမျိုး စဉ်းစားကြည့်တယ်။ ဘာမှမဟုတ်ဘဲနှင့် ဖြတ်တောက်ခိုင်းတာ ကဗျာတွေ၊ ဝတ္ထုထဲက စာလုံးတွေ စာကြောင်းတွေ ကျနော်က လက်တွေ့ရှင်းပြတယ်။ အဲဒီမှာ သူ လက်ခံသွားတယ်။ မှန်ပါတယ်။ မှန်ပါတယ်တဲ့။ ဩော်.... ကျနော်တို့က အဲဒီလိုမထင်ဘူးတဲ့။ စာပေလွတ်လပ်ခွင့် ပေးထားတယ်လို့ ထင်တာတဲ့။ စာရေးဆရာတွေက စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်နဲ့ ပရမ်းပတာရေးနေတယ်လို့ ကျနော်တို့က နားလည်တာတဲ့။ ဒီလိုမဟုတ်ပါလားတဲ့၊ အဲဒါကတော့ သူတို့ရိုးသားမှုပါပဲ။

ကျနော်ကလည်း ရိုးရိုးသားသားပါပဲ။ ကျနော် ဥပဒေကိုကျော်ပြီး တလုံးမှ ပုံမနှိပ်ဘူးလို့၊ သူတို့ ဖြတ်ဆို ဖြတ်ပေးတယ်။ ဒီဥစ္စာ မထည့်နဲ့ဆို မထည့်ဘူး။ ဖြုတ်ပေးပါဆို ဖြုတ်ပေးတယ်၊ အကုန်လုံး ဥပဒေအတိုင်းပဲ၊ အဲဒီတော့ စာပေစိစစ်ရေးက ဖြန့်ချိခွင့်ပြုသည်ဆိုတဲ့ တံဆိပ်တုံး နှိပ်ပေးတဲ့အထိ ကျနော်တို့က လိုက်နာတယ်လို့ ဥပဒေကို လိုက်နာတယ်။ ဥပဒေချိုးဖောက်တာ တခုမှ မရှိဘူး။ အဲဒီတော့ သူက သဘောပေါက်သွားပြီး ကျနော့်ကို အရေးယူရတာ အင်မတန် အားနာပုံပေါက်ပါတယ်။ သူတို့ကလည်း အပေါ်က ခိုင်းထားတာဆိုတော့ ကျနော့်ကို ထောင်ချဆို ထောင်ချရမှာပေါ့။ သို့ပေမယ်လို့ ငါတို့ထောင်ချရတာဟာတော့ မျက်နှာပူစရာကောင်းတဲ့ ထောင်ချတဲ့နည်းပဲလို့ သူတို့ခံစားသွားပုံရတယ်။ ဒါမတရားတဲ့ကိစ္စပဲလို့ သူသဘောပေါက်သွားပုံရတယ်။

ကျနော် အကဲခတ်ကြည့်ရတာပေါ့လေ။ ကျနော့်ကို ကောင်းကောင်းမွန်မွန်နဲ့ လူကြီးလူကောင်းသဖွယ် သဘောထားပြီး ဆက်ဆံပါတယ်။ ဟိုအစပိုင်းကလို အော်လား ဟစ်လား ကြိမ်းလား မောင်းလား ဆိုတာမျိုး မပါတော့ဘူး။

❑ နောက် မေးခွန်းတခုကတော့ လူငယ်စာပေမြတ်နိုးသူ၊ ကဗျာချစ်သူတွေအတွက်ပါ ဆရာကြီး။ လတ်တလော ထုတ်ဝေနေတဲ့ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ ကာရန်မဲ့ကဗျာတွေကို ကျနော်တို့ တွေ့နေရပါတယ်။ ကာရန်မပါရင် ကဗျာမဖြစ်ဘူးဆိုတဲ့အမြင်တွေကိုလည်း ကျနော်တို့ တွေ့ရပါတယ်။ ဆရာကြီးရဲ့ အမြင်ကိုလည်း သိချင်ပါတယ်။

❍ ကျနော်ကတော့ ဒီလိုလေ။ ကျနော်ကိုယ်တိုင် ကာရန်တွေနဲ့ ရေးခဲ့ပေါင်း များ

ဂုနည်

ပြီ။ ကျနော် ကျင့်သားရနေပြီ။ ကျနော် ကာရန်နဲ့ ရေးဖို့ရာ သိပ်မခဲယဉ်းဘူး။ ကျနော်ကိုယ်တိုင် ပြောရမယ်ဆို ကာရန်နဲ့လည်း အရသာတွေ့ပါတယ်။ ဒါပေမယ့်လို့လည်း ခေတ်အလျောက်ပဲ၊ ဒီနေ့လူငယ်လေးတွေမှာ သူ့ခေတ်အလျောက် ပိုမိုလွတ်လပ်အောင်၊ ပိုမိုလွယ်ကူအောင် ကြိုးစားအားထုတ်တာ ကျနော်လက်ခံတယ်။ ကာရန်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကျနော်က အကြောင်းမဟုတ်ဘူးလို့ ထင်တယ်။ ရေးဖွဲ့တဲ့အကြောင်းအရာပေါ်မှာသာလျှင် အဓိကပဲ၊ ရေးဖွဲ့တဲ့အကြောင်းအရာက ဖောက်ပြန်တဲ့ အတွေးအခေါ်မဟုတ်ဘူး၊ မှန်ကန်တဲ့ အတွေးအခေါ်ဖြစ်တယ်။ ရေးဖွဲ့တတ်မှုကလည်း ကဗျာမြောက်တဲ့၊ အနုပညာမြောက်တဲ့ လက်ရာမျိုးဆိုရင် လက်ခံပါတယ်။ ဒီ ကာရန်မဲ့တာ မမဲ့တာ ကျနော်က သိပ်ပြီး ပြဿနာ လုပ်မနေချင်ဘူးပေါ့ဗျာ။ လူငယ်တွေရဲ့ လွတ်လပ်စွာ ကြိုးစားအားထုတ်ခွင့်ကိုလည်း ကျနော် အားပေးချင်ပါတယ်။

❑ တပ်မတော်စာရေးဆရာတွေဖြစ်တဲ့ တင်သန်းဦးတို့၊ မြသန်းစံတို့က တပ်မတော်စာစဉ်တခုအတွက် ဆရာကြီးဆီက ကဗျာတောင်းတဲ့အခါ ဆရာကြီးက ငြင်းဆိုခဲ့ဖူးတယ်ဆို....။

❍ ဒီလိုဗျ၊ သူတို့ကို ကျနော် ခင်ခင်မင်မင်ပါ။ အဲဒီကျမှလည်း မြင်ဖူးတာပါ။ သိမ်ဖြူလမ်း တော့ပ်စတားဆိုတဲ့ စားသောက်ဆိုင်မှာပေါ့။ သူတို့ စစ်ဗိုလ်နှစ်ယောက် တင်သန်းဦးတို့၊ မြသန်းစံတို့က ဆရာမောင်စွမ်းရည်နဲ့ ရင်းနှီးတယ်။ သူတို့နဲ့ အဲဒီ တော့ပ်စတားမှာ သွားဆုံတယ်။ ဆုံတော့ မောင်စွမ်းရည်က မိတ်ဆက်ပေးတယ်။ ဒါ တင်သန်းဦးပေါ့၊ မြသန်းစံပေါ့။ နာမည်တွေကတော့ ရင်းနှီးပြီးသားပေါ့လေ။ သူတို့ကိုလည်း ကျနော် ခင်ခင်မင်မင်ပါပဲ။ သူတို့ကလည်း ခင်ခင်မင်မင်ပါပဲ။ နောက် စကားပြောရင်းကနေ သူတို့က မေမြို့စစ်တက္ကသိုလ်မဂ္ဂဇင်းထုတ်မှာမို့လို့ ကျနော့်ကို ကဗျာပေးဖို့ ပြောတယ်။ အဲဒီမှာ ကျနော့် နှုတ်က ဘယ်လိုဖြစ်သွားတယ် မသိဘူး။ စစ်တက္ကသိုလ်လို့ အသံကြားလိုက်တာနဲ့ စိတ်ထဲ၊ စစ်ဆိုတဲ့၊ စစ်ဆိုတဲ့ အသံကြားလိုက်တာနဲ့ ကျနော့်စိတ်မှာ မလိုမလားစိတ် ပေါက်လာတယ်။ အလိုလိုနေရင်း နိုးကြားလာသလား မသိဘူး။ အဲဒီမှာ အဲဒီစစ်ဗိုလ်တွေကို “ဟာ....စစ်တပ်အာဏာတည်မြဲရေးအတွက်တော့ ကျနော် ရေးမပေးနိုင်ဘူးဗျာ”လို့ ပြောလိုက်တယ်။ ပြီးတော့မှ ကျနော် အားနာသွားတယ်။ ငါ့စိတ်ထဲ ထင်ရာ ငါလျှောက်ပြောပစ်လိုက်တာ ငါ ရိုင်းရာများ ကျမလားလို့။ မရေးချင်လည်း မရေးနဲ့ပေါ့၊ ဟုတ်လား။ သို့ပေမယ့်လို့ ဖျတ်ခနဲ ကောက်ပြီးတော့ ပြောလိုက်မိတာ ငါရိုင်းရာများ ကျမလားလို့ ကျနော် အောက်မေ့ပါတယ်။ ဒါပေမယ့်လို့လည်း ကျနော်ပြန်တော့ မပြင်ပါဘူး။ အဲဒါပါပဲ။ ဘာမှမဟုတ်ပါဘူး။ ဆရာမောင်စွမ်းရည်ရဲ့ မိတ်ဆက်ပေးချက်အရ တင်သန်းဦးနဲ့ မြသန်းစံနဲ့ပေါ့။ သူတို့နဲ့ ပါဆင်နဲလ် မုန်းစရာအကြောင်းလည်း မရှိခဲ့ပါဘူး။

ဒါပေမယ့်လို့ ဒီစစ်တပ်ရဲ့ ခိုင်မြဲမှု၊ အထူးသဖြင့်တော့ စစ်အာဏာရှင်တွေ ကြီးစိုးမှု ဗိုလ်ကျမှုအတွက်တော့ ကျနော်က ဒေါက်တိုင်တခု ဘယ်လိုမှ အဖြစ်မခံနိုင်ဘူး။ စစ်တပ်ရဲ့ ဒေါက်တိုင်၊ စစ်အာဏာရှင်စနစ်ရဲ့ ဒေါက်တိုင်ပေါ့၊ ဘယ်လိုနည်းနဲ့မှ မဖြစ်မခံနိုင်ဘူး။ သို့သော် ကျနော်တို့ငယ်ငယ်တုန်းက စစ်သားတွေဆို အင်မတန် ကြည်ညိုခဲ့ဖူးတယ်။ တိုင်းပြည်ရဲ့ တကယ့်သားသမီးတွေ၊ တကယ့်မျိုးချစ်ပုဂ္ဂိုလ်တွေဆိုပြီးတော့ စစ်ဗိုလ်စစ်သားတွေကို အရမ်းကြည်ညိုခဲ့ဖူးတာပေါ့ဗျာ၊ သိပ်ပြီး အားကျခဲ့ဖူးတာပေါ့။ နောက်တော့ ပြည်သူတွေအပေါ် ဗိုလ်ကျတာ၊ စိုးမိုးတာ၊ စစ်တပ်ရဲ့ အခွင့်ထူးခံပေါ့။ စစ်တပ်က ပြည်သူတွေထံက အခွင့်အရေးတွေ လုယူပြီးတော့ ခံစားနေကြတာ တွေ့ရတဲ့အခါမှာကျတော့ စစ်တပ်ကို ကျနော် စက်ဆုပ်ရွံရှာတယ်။ ဩော်.... ငါတို့တပ်မတော်က မျိုးချစ်တပ်မတော် မဟုတ်ဘူး၊ အနစ်နာခံတဲ့တပ်မတော် မဟုတ်ဘူး၊ ပြည်သူလူထုတွေအတွက် ရပ်တည်နေတဲ့တပ်မတော် မဟုတ်ဘူး။ သူတို့ရဲ့မျိုးဆက်ကြီးထွားမှုအတွက်သာ ရပ်တည်နေတဲ့ တပ်မတော်ပါလားလို့၊ ကျနော့်စိတ်ထဲမှာ မှန်တာပြောရရင်လေ နှလုံးနာစိတ်၊ ရွံရှာစိတ်ပေါက်မိတယ်။ အဲဒါကြောင့် ပိုးစိုးပက်စက် ပက်ခနဲပဲ ပြောလိုက်မိသလိုပဲ။ အဲဒီစစ်တပ် အခြေခိုင်အောင်တော့ ရေးမပေးနိုင်ဘူးလို့၊ ဟိုလူတွေလည်း နည်းနည်းတော့ အံ့အားသင့်သွားပုံရတယ်။ (ရယ်သံ) ဘာမှတော့ မပြောပါဘူး။

❍ ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။

## အရိပ်ဖြစ်သွားတဲ့ အတိတ်

သံခုတ်

မတ်လ (၁၃)ရက်နေ့ဟာ
အတိတ်မဟုတ်ဘူး
ငါတို့ရဲ့ အရိပ်ဖြစ်တယ်။

သူငယ်ချင်း ဖုန်းမော်နဲ့ စိုးနိုင်တို့ဟာ
စစ်အစိုးရ မဆလ သတ်လို့
ဘယ်တော့မှ မသေသူတွေ ဖြစ်တယ်။
ဒဏ်ရာဗလပွ သွေးအိုင်ထဲက ရှန်းထ
ခွပ်ဒေါင်းအလံကိုကိုင်
တပ်ဦးက ချီတက်သူတွေပေါ့။

ငါတို့ ပုဆိုးကို တိုတိုဝတ်
လွယ်အိတ်ကို စလွယ်သိုင်းပြီး
သူတို့ရဲ့နောက်က ခြေစုံရပ်
ချီတက်လိုက်ကြပြီ။

ငါတို့ဟာ
ကျည်ဆံရဲ့ လားရာကို မျက်နှာမူ
လက်သီးကို ကျစ်ကျစ်ဆုပ်
မဆလ အစိုးရကို အလိုမရှိ
ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးနဲ့
ဒီမိုကရေစီ အရေးအတွက်
ယတိပြတ် တောင်းဆိုလိုက်ကြတယ်။

ငါတို့အတွက်
ထောက်လှမ်းရေး၊ ရေကြည်အိုင်
အင်းစိန်ထောင်ဆိုတာ
ရယ်စရာ ပြက်လုံးတွေ ဖြစ်သွားကြတယ်။

ကျောင်းသားဘဝနဲ့ ဘွဲ့တခုဆိုတာ
ငါတို့ရဲ့ ရည်မှန်းချက် မဟုတ်တော့
ချစ်လျက်နဲ့ လမ်းခွဲလိုက်တဲ့
ရည်းစားတယောက်လိုပါပဲ။

တရားမျှတမှုနဲ့ ဒီမိုကရေစီသာ
ငါတို့ရဲ့ အနာဂတ်
ငါတို့ရဲ့ အသက်ဖြစ်သွားပြီ။

ငါတို့ဟာ
လမ်းကြိုလမ်းကြားက
လမ်းလျှောက်ချင်သူတွေ မဟုတ်
မာကျူရီ မီးရောင်အောက်က
လမ်းမကြီးကို ရွေးချယ်သူတွေ ဖြစ်တယ်။

ငါတို့ဟာ
မာရသွန်ပြေးပွဲမှာ
နှစ်သိမ့်ဆု လိုချင်သူတွေမဟုတ်
ပထမဆုကိုသာ ရလိုသူတွေဖြစ်တယ်။

၂၀၀၂၊ မတ်လ (၁၃)

# တရုတ်နဂါးကြီးဗျာ၏ခြေသည်းများ မြန်မာပြည်ကို ကုပ်တွယ်လိုက်ပြီလား



နအဖ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တရုတ်နိုင်ငံ သမတဟောင်း ကျန်ဇီမင်း

ပြီးခဲ့တဲ့အပတ်ခရီးစဉ်မှာ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တရုတ်ပြည်ကို ညီရင်းအစ်ကို မိတ်ဆွေလို့ ခေါ်ဆိုလိုက်တဲ့အခါမှာတော့ (တကယ့်ကို တိတိကျကျခေါ်ခဲ့တာပါ)ငွေလိုနေတဲ့ ရန်ကုန်စစ်အုပ်စုအဖို့ တလုံးတခဲတည်း ချေးငွေဒေါ်လာ သန်း(၂၀၀)၊ ကျန်းမာရေး၊ နည်းပညာနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ စာချုပ်အများအပြားအပြင် စက်မှုစီမံကိန်းလုပ်ငန်းသစ်တွေအများအပြား ရလိုက်တော့တာပါပဲ။

တရုတ်ပြည်သူ့နေ့စဉ်သတင်းစာအရဆိုရင် တရုတ်ပြည်က အရင်ချေးငှားခဲ့တဲ့ ဆပ်ချိန်တန်နေပြီဖြစ်တဲ့ ကြွေးတွေထဲက တစိတ်တပိုင်းကို လျော်ပစ်ဖို့လည်း တရုတ်တို့က သဘောတူခဲ့ကြပါတယ်။ ဆင်းရဲတဲ့ တိုင်းပြည်တပြည်ဖြစ်တဲ့ မြန်မာပြည်အဖို့က တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ငတ်နေခဲ့တာကြာပါပြီ။ တရုတ်ပြည်ကတော့ ဒီခရီးစဉ်အပြီးမှာ တံတားသစ်တွေ၊ လမ်းတွေ၊ ဓာတ်အားပေးစက်ရုံတွေ၊ စက္ကူစက်ရုံတွေ၊ ထွန်စက်စက်ရုံတွေနဲ့ နောက်ထပ်များစွာ ဆောက်လုပ်နေတဲ့ လုပ်ငန်းတွေအပေါ်က အကျိုးအမြတ်တွေ ရခဲ့ပါတယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလက မြန်မာပြည်ရဲ့ ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ မန္တလေးမှာ (၄)လမ်းသွားလမ်းမကြီးပါတဲ့ ဧရာဝတီမြစ်ကူးတံတားကြီးတခု တည်ဆောက်ဖို့ တရုတ်ကုမ္ပဏီက သဘောတူခဲ့ပါတယ်။ (၂)နှစ်ခွဲအတွင်းမှာ ပြီးစီးဖို့ပါ။ ဒါဟာ ကုမ္ပဏီရဲ့ ဆဋ္ဌမမြောက် တံတားစီမံကိန်းဖြစ်ပါတယ်။ တရုတ်က ဒီဇိုင်းနဲ့ ဆောက်လုပ်ရေးပစ္စည်း ကိရိယာတွေ ကူပါမယ်။ ပြီးခဲ့တဲ့ နှစ်ကလည်းပဲ မြန်မာပြည်မှာ တရုတ်ပြည်ရဲ့ အကြီးဆုံးစီမံကိန်းဖြစ်တဲ့ ရန်ကုန်–သီလဝါ သင်္ဘောကျင်းရဲ့ ပထမအဆင့်ကို တည်ဆောက်ပြီးစီးခဲ့ပါတယ်။

တရုတ်က အစစအရာရာ ထောက်ပံ့ခဲ့ပါတယ်။ သင်္ဘောကျင်းအသစ်ကြီးဟာ သင်္ဘောငါးစီးကို တည်ဆောက်တာနဲ့ သင်္ဘောအစီး (၅၀)ကို ပြင်ဆင်တာတွေ လုပ်နိုင်ပါတယ်။ အရင်တုန်းက ဒီလိုမလုပ်နိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့မတ်လတုန်းက တရုတ်အမျိုးသား သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင် ကျန်းကုမ္ပဏီဟာ မြန်မာအာဏာပိုင်တွေနဲ့ မြို့ (၁၂)မြို့မှာ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းအိပ်ချိန်းတွေ တည်ဆောက်ဖို့ အမေရိကန်ဒေါ်လာ(၆.၅)သန်းတန် ကန်ထရိုက်စာချုပ်တခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါဟာ လူဦးရေ(၄၆)သန်းရှိတဲ့ တိုင်းပြည်တပြည်မှာ တယ်လီဖုန်းအလုံးပေါင်း ၂၈၀,၀၀၀(နှစ်သိန်းရှစ်သောင်း)မျှသာသုံးစွဲနေရတဲ့ ပြည်သူလူထုအတွက် အလွန်ကြီးမားတဲ့ ခြေလှမ်းတလှမ်းရှေ့ကို တိုးမြှင့်လာစေတာပဲဖြစ်ပါတယ်။

မကြာသေးမီနှစ်များအတွင်းမှာပဲ မြန်မာ့စီးပွားရေးရဲ့အဓိကအပိုင်းတွေမှာ တရုတ်က ပါဝင်လာပြီဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဟာ အာဏာရှင်စိုးမိုးမှု ဆယ်စုနှစ်သုံးစုနောက်ပိုင်းမှာ ဆုတ်ယုတ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ဧပြီလက ယူနန်လေကြောင်းလိုင်းဟာ ယခင်က အသုံးမဝင်တဲ့ မန္တလေးလေဆိပ်ကို ခွန်မင်းနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပျံသန်းမှု စတင်လိုက်တဲ့အခါမှာတော့ ပထမဆုံး နိုင်ငံခြားသယ်ယူပို့ဆောင်ရေးလိုင်း ဖြစ်လာပါတော့တယ်။ မန္တလေးလေဆိပ်ဟာ ကမ္ဘာလှည့်ခရီးသွားများအတွက် ရည်ရွယ်ပြီး လွန်ခဲ့တဲ့ (၃)နှစ်က ဒေါ်လာသန်း(၁၅၀) ခန့်ကုန်ကျခံပြီး တည်ဆောက်ခဲ့တာပါ။ ဘယ်ကမ္ဘာလှည့်ခရီးသည်မှလည်း မလာခဲ့ပါဘူး။

တရုတ်ဧည့်သည်တွေကို ဆွဲဆောင်ဖို့အတွက် မြန်မာအာဏာပိုင်တွေက သူတို့တိုင်းပြည်ကို လာလည်တဲ့ခရီးမှာ တရုတ်ငွေ 'ရင်မင်ဘီ'ကို သုံးခွင့်ပြုခဲ့ပါတယ်။ စင်္ကာပူနဲ့ ထိုင်းနိုင်ငံတို့ပြီးရင် တရုတ်ပြည်ဟာ မြန်မာနိုင်ငံရဲ့တတိယအကြီးဆုံး ကုန်သွယ်ဘက် ဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၀၀ မှာဆိုရင် တရုတ်–မြန်မာ အပြန်အလှန်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ(၆၂၁)သန်း ရှိခဲ့ပါတယ်။ ဒါဟာ အာဆီယံနဲ့တရုတ်ကုန်သွယ်ရေးပမာဏ (၃၉.၅)ဘီလျံရဲ့ အစိတ်အပိုင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ တရုတ်ပြည် လွှမ်းမိုးတဲ့အခန်းကဏ္ဍကို စာရင်းဇယားတွေက လိမ်ညာထားပါတယ်။

တရုတ်ပြည်ရဲ့ဓာတ်မြေဩဇာစက်ရုံ၊ ဒါမှမဟုတ် လယ်ယာမြေ ရေပေးဝေဖို့ ရေစုပ်စက်နဲ့ မြန်မာ့ဆန်စပါးပို့ကုန် တိုးမြှင့်စေရာမှာ တရုတ်ပြည်ရဲ့ တိုးချဲ့ပါဝင်နေမှုဟာ စစ်တပ်ဦးဆောင်နေတဲ့ တိုင်းပြည်မှာ ကြီးထွားလာနေတဲ့ သူတို့ရဲ့စီးပွားရေး တည်ရှိမှုကို မီးမောင်းထိုးပြနေတာ ဖြစ်ပါတယ်။ အတော်ကြီးကို များနေပါပြီ။ သူ့ရဲ့ဩဇာအာဏာဟာ ပိုလို့တောင်မှ ကြီးထွားလာဖွယ်ရာ ရှိပါတယ်။ ဘယ်နိုင်ငံမှ မယှဉ်နိုင်တဲ့ တရုတ်ပြည်ရဲ့ ထုထည်ကြီးမားလှတဲ့ အကူအညီနဲ့ ကုန်သွယ်ရေးတွေဟာ မြန်မာစစ်အစိုးရဖန်တီးနေတဲ့ သံတမန်ရေးရာ အထီးကျန်မှု ဟာကွက်ကြီးကို ဖြည့်ပေးလိုက်ရာ ရောက်ပါတယ်။

စက်ာပူနဲ့ ထိုင်း နိုင်ငံတို့ပြီးရင် တရုတ်ပြည်ဟာ မြန်မာနိုင်ငံရဲ့ တတိယအကြီးဆုံးကုန်သွယ်ဘက်ဖြစ်ပါတယ်။
သက္ကရာဇ် ၂၀၀၀ မှာဆိုရင် တရုတ်–မြန်မာ အပြန်အလှန်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ(၆၂၁)သန်း ရှိခဲ့ပါတယ်။
ဒါဟာ အာဆီယံနဲ့ တရုတ်ကုန်သွယ်ရေးပမာဏ (၃၉.၅)ဘီလျံရဲ့ အစိတ်အပိုင်းပဲဖြစ်ပါတယ်။
ဒါပေမယ့် မြန်မာနိုင်ငံမှာ တရုတ်ပြည် လွှမ်းမိုးတဲ့အခန်းကဏ္ဍကို စာရင်းဇယားတွေက လိမ်ညာထားပါတယ်။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ နောက်ပိုင်းမှာ အရပ်သားတွေဆီကို နိုင်ငံရေးအာဏာလွှဲပေးဖို့ သူတို့ရဲ့ ငြင်းဆိုမှုအတွက် အနောက်တိုင်းဒီမိုကရေစီနိုင်ငံများက ဖယ်ကြဉ်လိုက်ပြီးနောက်ပိုင်းမှာ မြန်မာဗိုလ်ချုပ်ကြီးတွေဟာ တရုတ်ကို အကြီးအကျယ် မှီခိုလိုက်ပါတယ်။ မကြာသေးမီနှစ်များအတွင်းမှာ စစ်အုပ်စုဟာ တရုတ်အပြင် အခြားမှီခိုရာနိုင်ငံတခုကိုလည်း ရှာဖွေခဲ့ပါသေးတယ်။ အဲဒါကတော့ ဥပမာ– ရုရှားလုပ် အမ်အိုင်ဂျီဂျက်တိုက်လေယာဉ်တွေဝယ်ယူခြင်းနဲ့ မြန်မာပြည်အလယ်ပိုင်းမှာ (၁၀)မီဂါဝပ်ရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုတခု တည်ဆောက်ဖို့ မော်စကိုရဲ့ အကူအညီကို ရယူလိုက်ခြင်းတို့ပါပဲ။

ရောဝတီမဂ္ဂဇင်းက ကိုးကားခဲ့တဲ့ ရုရှဘာသာသင်ပေးနေသူ ဆရာတယောက်ရဲ့ အဆိုအရဆိုရင် မြန်မာသိပ္ပံပညာရှင်(၆၀၀)လောက်ဟာ ယခုအခါ မော်စကိုမှာ လေ့လာနေပါတယ်။ ဒီလို မတူကွဲပြားမှုတွေ ရှိနေပေမယ့်လည်း တရုတ်ပြည်ဟာ ရန်ကုန်စစ်အုပ်စုကို တင့်ကားတွေ၊ သင်္ဘောတွေ၊ လေယာဉ်တွေ၊ ဒုံးလောင်ချာတွေ၊ နောက်ပွင့်သေနတ်တွေနဲ့ ခဲယမ်းအစရှိတဲ့ အမာခံစစ်လက်နက်ပစ္စည်းတွေကို အဓိကထောက်ပံ့သူအဖြစ် ရှိနေဆဲပါ။ လက်နက်ကိုင်တပ်မတော်နဲ့ ပတ်သက်ပြီး တိုင်းပြည်ဘတ်ဂျက်ရဲ့ သုံးပုံတပုံခန့်ကို သူတို့ (နအဖ)သုံးစွဲနေပါတယ်။

တရုတ်–မြန်မာဆက်ဆံရေးကို လွန်ခဲ့တဲ့ ဆယ်စုနှစ်ငါးခု ၁၉၄၉ ခုနှစ်ဆီကို ပြန်မြင်ကြည့်ပါ။ အဲဒီအချိန်တုန်းက မြန်မာပြည်ဟာ တရုတ်ပြည်သူ့သမတနိုင်ငံကို အသိအမှတ်ပြုရာမှာ ကွန်မြူနစ်မဟုတ်တဲ့ ပထမဆုံးနိုင်ငံတခုဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်ဟာ မြန်မာနိုင်ငံကို အမြဲတမ်းအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ လုပ်ဖော်ကိုင်ဖက်ကောင်း တယောက်အဖြစ် စဉ်းစားရပါမယ်လို့ တရုတ်ခေါင်းဆောင်သစ် ဟူကျင်တောက်က ပြောကြားခဲ့တာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ နောက်ဆုံး ပီကင်းခရီးစဉ်နဲ့ပတ်သက်တဲ့ အစီရင်ခံစာကို ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြခဲ့ပါတယ်။

သူ့တိုင်းပြည်ရဲ့စီးပွားရေးမှာ တရုတ်ပြည်ရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍကို အသိအမှတ်ပြုနေရတဲ့ ဗိုလ်ချုပ်ကြီးက မြန်မာနိုင်ငံဟာ တရုတ်ပြည်တပြည်ထဲရှိတယ်ဆိုတဲ့ မူဝါဒကို လိုက်နာပြီး တရုတ်ပြည် ပြန်လည်ပေါင်းစည်းရေးကို ထောက်ခံမယ်၊ ပီကင်းနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။



နအဖ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တရုတ်နိုင်ငံ သမတသစ် ဟူကျင်တောက်

တရုတ်ပြည်ဟာ မိမိတို့ရဲ့မိတ်ဆွေတွေထဲက စိတ်ချ ယုံကြည်ရဆုံး မိတ်ဆွေတဦးအဖြစ် မြန်မာနိုင်ငံက သဘောထားပါကြောင်း၊ မျိုးဆက် တဆက်ပြီးတဆက် အပြန်အလှန် မိတ်ဆွေဖြစ်မှုကို မီးမောင်းထိုးပြဖို့ လူငယ်မျိုးဆက်သစ်တွေကို ပညာပေးသွားမယ့် အကြောင်းတို့ကိုလည်း ထပ်လောင်း ပြောကြားခဲ့ပါတယ်။

ဒါကြောင့် နှစ်နိုင်ငံ ခေါင်းဆောင်များဟာ မကြာခဏဆိုသလို အပြန်အလှန် လည်ပတ်ခဲ့ကြတာပါ။ ပီကင်းနဲ့ ရန်ကုန်ရဲ့ ဆွေမျိုးပေါက်ဖော်(ညီရင်းအစ်ကို) မိတ်ဆွေဖွဲ့မှုဟာ ၁၉၆၂ ခုနှစ်က နယ်စပ်စစ်ပွဲ ဆင်နွှဲခဲ့တဲ့ အိန္ဒိယကို ခြောက်ခြားစေပါတယ်။ အိန္ဒိယသမုဒ္ဒရာမှာ စစ်အင်အားတည်ဆောက်ဖို့ မြန်မာပြည်ဟာ တရုတ်တို့အတွက် ခြေနင်းခုံဖြစ်လာမှာကို နယူးဒေလီက စိုးရိမ်ပါတယ်။

ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်မှာရှိတဲ့ မြန်မာရဲ့ ရေတပ်ဆိုင်ရာ အဆောက်အဦးပစ္စည်းတွေ၊ ခေတ်မီအီလက်ထရောနစ်နည်းစနစ်တွေနဲ့ ဖမ်းယူနားထောင်နိုင်တဲ့ ဆက်သွယ်ရေးတိုင်တွေ အရည်အသွေးမြှင့်တင်ရာမှာ မြန်မာရဲ့ ကြိုးပမ်းမှုတွေကို အထောက်အကူပေးဖို့အတွက် ကမ်းလှမ်းနေတဲ့ တရုတ်ပြည်ရဲ့ ရည်ရွယ်ချက်တွေကိုလည်း သံသယရှိလို့ နေပါတယ်။

ဒီလိုတရုတ်ပြည်ရဲ့ ဩဇာကြီးထွားလာနေမှုကို တုံ့ပြန်ဖို့အတွက် အိန္ဒိယဟာ ၁၉၉၆ ခုနှစ်ကတည်းက ရန်ကုန်အစိုးရအပေါ် ဝေဖန်နေခဲ့တာကို ရပ်ပစ်လိုက်ပါတယ်။ ဒါ့ပြင် စစ်အစိုးရနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ ကြိုးစားခဲ့ပါတယ်။ အခုရှိနေတဲ့ တရုတ်ပြည်ရဲ့ဩဇာလွှမ်းမိုးမှုဟာ ရှေ့လာမယ့်နှစ်တွေမှာ တိုးမြှင့်လာနေတဲ့အင်အားတရပ်အဖြစ် ပိုလို့တောင်ဖြစ်လာပါလိမ့်မယ်။ သူ့ရဲ့စီးပွားရေးအင်အားကြီးထွားလာတာနဲ့အတူ နိုင်ငံရေး ဩဇာအာဏာဟာလည်း ဖြစ်တည်လာပါတယ်။

မကြာခင်ကမှ အဆိုပြုထားတဲ့ အာဆီယံ–တရုတ် လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်ဟာ ၂၀၁၀ ခုနှစ်မှာဖြစ်မယ်ဆိုရင် ဒေသတွင်းမှာ တရုတ်ရဲ့ဩဇာတည်ရှိမှု ပိုပြီးတိုးမြှင့်လာပါလိမ့်မယ်။

အာဆီယံနိုင်ငံရဲ့ နှစ်ဖက်ခွအုပ်စုဖွဲ့မှုအတွင်းမှာ တရုတ်ပြည်နဲ့ အိမ်နီးချင်းတွေလည်းဖြစ်၊ ပိုပြီးတော့လည်း ဆင်းရဲတဲ့ အာဆီယံနိုင်ငံတွေကတော့ တရုတ်ပြည်ရဲ့ ဩဇာလွှမ်းမိုးမှုကို ပိုပြီးတော့ ခံရပါလိမ့်မယ်။ တရုတ်ပြည်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ မြန်မာ၊ ဗီယက်နမ်၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေဟာ တနည်းမဟုတ်တနည်း တရုတ်ပြည်ရဲ့အကူအညီကို ရနေယူနေကြရပါတယ်။ တရုတ်ပြည်ဟာ အာဆီယံနိုင်ငံတွေကို ဖြတ်သန်းဖောက်လုပ်မယ့် ကီလိုမီတာ(၅၅၀၀) ရှည်လျားပြီး အမေရိကန်ဒေါ်လာသန်းပေါင်း (၂၅၀၀)ကုန်ကျမယ့် စင်္ကာပူ–ခွန်မင်း ရထားလမ်းဆက်သွယ်ရေး စီမံကိန်းအတွက် အကူအညီကိုလည်း အာမခံထားပါတယ်။ ဒါဟာ နောက်ထပ်စီမံကိန်းတခု ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒီလိုနည်းနဲ့ တရုတ်ပြည်ဟာ အရှေ့တောင်အာရှဒေသတွင်းမှာ သူ့ရဲ့ဩဇာလွှမ်းမိုးမှုကို တိုးမြှင့်နိုင်ပါလိမ့်မယ်။



(မှတ်ချက်။ ။ လီကင်ချူး–ထိုင်ဝမ်၏ **"The China Dragon Tightens Its Claws Over Myanmar"**အား ဆီလျော်အောင် ဘာသာပြန်ထားခြင်းဖြစ်ပါသည်။)

# အကျဉ်းထောင်တွင်းက ဦးဝင်းတင်၏ (၇၃) နှစ်ပြောက်မွေးနေ့

**မတ်၊ (၁၃) ရက်။**

မတ်လ (၁၂)ရက်နေ့တွင် ကျရောက်သည့် မြန်မာသတင်းစာဆရာ၊ စာရေးဆရာကြီး ဦးဝင်းတင်၏အသက် (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (RSF)နှင့် မြန်မာနိုင်ငံသတင်းသမဂ္ဂ(BMA)တို့က နှစ်ပေါင်းများစွာ ဖမ်းဆီးအကျဉ်းချခြင်းခံထားရသူ ဦးဝင်းတင်ကို စစ်အကျဉ်းထောင်အတွင်းမှ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန် နအဖထံ ထပ်မံတောင်းဆိုလိုက်ကြသည်။



**ယုံကြည်မှုအတွက် အကျဉ်းချခံနေရသော သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဦးဝင်းတင်**

အဆိုပါအဖွဲ့များသည် မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်းရှိ သတင်းနှင့် စာနယ်ဇင်းသမားများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးတို့ကို လွှတ်ပေးရန်နှင့် မြန်မာနိုင်ငံတွင် စာပေလွတ်လပ်ခွင့် အပြည့်အဝ ဖော်ဆောင်ပေးရန် စစ်အစိုးရအား အစဉ်တစိုက် တောင်းဆိုနေကြသည့် အဖွဲ့များဖြစ်သည်။

အကယ်၍ စစ်အစိုးရအနေဖြင့် ဖမ်းဆီးအကျဉ်းချထားသော နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လည်လွှတ်မပေးမချင်း၊ စာပေစာနယ်ဇင်းများတွင် ဆင်ဆာဖြတ်တောက်မှုများ မရပ်တန့်မချင်း နိုင်ငံတကာမှ ဝိုင်းဝန်းဒဏ်ခတ်အရေးယူထားမှုများကို လျှော့ပေါ့မှု မပြုလုပ်ရန်လည်း အဆိုပါအဖွဲ့များက အလေးအနက် တောင်းဆိုထားသည်။

ဦးဝင်းတင်သည် နှလုံးရောဂါအခြေအနေ ပိုမိုဆိုးဝါးလာသည့်အတွက် ၂၀၀၂ ခုနှစ် နိုဝင်ဘာလ (၂၃)ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်မှတဆင့် ရန်ကုန်ဆေးရုံကြီး၏ နိုင်ငံရေးအကျဉ်းသားများ ဆေးဝါးကုသမှု ခံယူရာ အချုပ်လူနာဆောင်သို့ ပို့ဆောင်ပေးခဲ့သည်။ ဦးဝင်းတင်သည် နှလုံး ရောဂါအပြင် လိပ်ခေါင်းရောဂါ၊ လည်ပင်းကျိုးပေါင်းတက်ရောဂါ၊ ဆီးလမ်းကြောင်း ပိုးဝင်၍ အကျိတ်ရောင်ရောဂါတို့ပါ ခံစားနေရသည်။

သတင်းစာဆရာ စာရေးဆရာကြီး ဦးဝင်းတင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ပိုင်းတာဝန်ကို ထမ်းဆောင်နေစဉ် ၁၉၈၉ ခုနှစ် ဇူလိုင်လမှစ၍ စစ်အုပ်စု၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး စုစုပေါင်း ထောင်ဒဏ် အနှစ်(၂၀)ကျော် ချမှတ်ခြင်း ခံထားရသူဖြစ်သည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီ(၅)ရက်နေ့က အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ ပထမဆုံးသော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော ဦးဝင်းတင်ထံ သွားရောက်တွေ့ဆုံခဲ့ပြီး တနာရီကျော်ခန့် စကားပြောခွင့် ရရှိခဲ့သည်။ ၎င်းတို့အဆိုအရ ဦးဝင်းတင်သည် ကျန်းမာရေးအခြေအနေ စိုးရိမ်ဖွယ်ရာဖြစ်နေသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာတွင် အကောင်းဆုံးအနေအထား ရှိသည်ဟု သိရသည်။ (UNESCO)၏ ၂၀၀၁ ခုနှစ် ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်ဆုရှင်၊ ကမ္ဘာ့သတင်းစာများအသင်း၏ လွတ်လပ်သော ရွှေကလောင်ဆုရှင် ဦးဝင်းတင်၏ (၇၃)နှစ် မြောက်မွေးနေ့သည် ရန်ကုန်ဆေးရုံကြီး၏ တခုသော (၁၅)ပေပတ်လည် အချုပ်ဆောင်တွင် အထီးကျန်စွာ ဖြတ်သန်းရပေဦးတော့မည်။

သို့သော် ယုံကြည်မှုကိုတော့ မည်သူမျှ အကျဉ်းချနိုင်လိမ့်မည် မဟုတ်ချေ။ ❖

# မြန်မာပြည်အကြောင်းရေးထားသည့် စာအုပ်ဖွင့်ပွဲ အိန္ဒိယကာကွယ်ရေးဝန်ကြီး တက်ရောက်ဖွင့်လှစ်




Burma File **စာအုပ်ဖွင့်ပွဲ ကျင်းပနေစဉ်**

**မတ်၊ (၅) ရက်။**

ယခုလ (၄)ရက်နေ့က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မြန်မာနိုင်ငံအကြောင်း ရေးသားထားသည့် စာအုပ်ဖွင့်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ ဖွင့်ပွဲကို အိန္ဒိယကာကွယ်ရေးဝန်ကြီး (George Fernandes)ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသည့် အိန္ဒိယ–မြန်မာနှစ်နိုင်ငံ ပရိသတ်များက မြန်မာနိုင်ငံတွင် စာပေလွတ်လပ်ခွင့် ဆုံးရှုံးနေရသည့်အခြေအနေများကို ပါဝင်ဆွေးနွေးပြောဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါစာအုပ်မှာ အိန္ဒိယနိုင်ငံအခြေစိုက် (Mizzima)သတင်းဌာနမှ အယ်ဒီတာတဦးဖြစ်သူ ကိုစိုးမြင့် ရေးသားသည့် "Burma File : A Question of Democracy"ဟု အမည်ပေးထားသော မြန်မာနိုင်ငံဆိုင်ရာ သတင်းမှတ်တမ်းစာအုပ်ဖြစ်သည်။

စာအုပ်ဖွင့်ပွဲတွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးက မြန်မာ့ဒီမိုကရေစီရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် အစဉ်အဆက်ကတည်းက အားပေးနေသလို မြန်မာပြည်သူများ လိုလားနေသည့်ဆန္ဒနှင့်အညီ ပြည်သူများဘက်က အမြဲရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါစာအုပ်ဖွင့်ပွဲသို့ အိန္ဒိယနိုင်ငံမှ ဝါရင့်စာနယ်ဇင်းသမားများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံတကာသံတမန်များနှင့် တတ်သိပညာရှင်များ၊ မြန်မာ့ဒီမိုကရေစီအင်အားစုများပါ တက်ရောက်လာခဲ့ကြရာ လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများအပြင် ဒီမိုကရေစီနှင့် သတင်းမီဒီယာအခြေအနေများကိုပါ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သူ ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ ဝန်ကြီးဒေါက်တာတင့်ဆွေကလည်း လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများ၏ ဆက်ဆံရေးနှင့် စစ်အုပ်စု၏ နိုင်ငံတကာဆက်ဆံရေးအခြေအနေများကို သုံးသပ်ရှင်းလင်း ပြောကြားသွားခဲ့သည်။

စာမျက်နှာ(၅၀၀)ကျော်ရှိ (Burma File) စာအုပ်ကို ရေးသားပြုစုခဲ့သူ (Mizzima) သတင်းအယ်ဒီတာ ကိုစိုးမြင့်က မိမိအနေဖြင့် မြန်မာပြည်တွင်းပြည်ပနှင့် နယ်စပ်ဒေသများတွင် အန္တရာယ်ကြီးစွာ လှုပ်ရှားနေရသည့် စာနယ်ဇင်းသမား သတင်းထောက်များကို ဂုဏ်ပြုလိုသည့်စိတ်နှင့် ခက်ခဲနက်နဲပြီး ရှုပ်ထွေးလှသည့် မြန်မာ့နိုင်ငံရေးအခြေအနေများကို နိုင်ငံတကာက သိရှိစေရန် ရည်ရွယ်၍ ထိုစာအုပ်ကို ရေးသားပါကြောင်း ရှင်းလင်း ပြောကြားသွားခဲ့သည်။

စာရေးသူ ကိုစိုးမြင့်သည် လွန်ခဲ့သည့် ၁၂ နှစ်က ထိုင်းလေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်တစင်းအား အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ ပြန်ပေးဆွဲခဲ့သည့် မြန်မာကျောင်းသား ၂ ဦးအနက် ပါဝင်သူတဦးဖြစ်ပြီး ထိုအမှုနှင့်ပတ်သက်၍ ထိုစဉ်က တရားစွဲဆိုခြင်း မခံခဲ့ရပေ။

သို့သော် ဆယ်နှစ်ကျော် ကြာမြင့်ခဲ့သည့် အဆိုပါအမှုအား ယခုနှစ် ဧပြီလတွင် ကာလကတ္တားရှိ တရားရုံးတရုံးက ပြန်လည်အမှုတပ်၍ တရားစွဲဆိုမည်ဟု သိရသည်။❖



**စာရေးသူ ကိုစိုးမြင့်**

# တက္ကသိုလ်ကျောင်းသား(၁၄)ဦး သေဆုံးရသည့် ယာဉ်တိုက်မှု နအဖမီဒီယာ ဖုံးဖိထား

**မတ်၊ (၇)ရက်။**

ပြီးခဲ့သည့်လအတွင်းက ရန်ကုန်အရှေ့ပိုင်း တနေရာတွင် မြို့တော်စည်ပင်သာယာမှ ကားတစင်းနှင့် တက္ကသိုလ်ကျောင်းသားများ စီးနင်းလာသည့် ဖယ်ရီကားတစင်းတို့ ဝင်ရောက်တိုက်မိရာ ကျောင်းသား ၁၄ ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ပြီးခဲ့သည့်လ (၁၈)ရက်နေ့ ညနေ(၅)နာရီအချိန်ခန့်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ရွာသာကြီးမှ ရန်ကုန်မြို့တွင်းသို့ ပြန်လာသည့် ကျောင်းသား ၄၀ နီးပါးပါ ဖယ်ရီကျောင်းကားတစီးနှင့် မြို့တော်စည်ပင်သာယာဌာနပိုင် ကရိန်းကားတစီးတို့ သာကေတမြို့နယ်လမ်းဆုံတွင် ဝင်ရောက်တိုက်မိကြရာ ကျောင်းသားကျောင်းသူ(၉)ဦး ပွဲချင်းပြီး သေဆုံးပြီး ဆေးရုံအရောက်တွင် နောက်ထပ် (၅)ဦး ထပ်မံ သေဆုံးသွားကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီး နောက်တနေ့တွင် အာဏာပိုင်များက ပွဲချင်းပြီးသေဆုံးသူ ကျောင်းသား(၉)ဦးတို့အား အမြန်ဆုံးသင်္ဂြိုဟ်ရန် အမိန့်ပေးခဲ့သဖြင့် နောက်နေ့နံနက်(၉)နာရီတွင် ရန်ကုန်မြို့စွန်ရှိ ရေဝေးနှင့် ထိန်ပင်သင်္ချိုင်းများသို့ သွားရောက်မီးသင်္ဂြိုဟ်ခဲ့သည်။ သေဆုံးသူများထဲတွင် နယ်ကျောင်းသားများပါဝင်နေရာ ၎င်းတို့၏ သက်ဆိုင်ရာ မိဘဆွေမျိုးများ ရောက်မလာမီအချိန်တွင် အာဏာပိုင်များ၏ ညွှန်ကြားမှုဖြင့် ယခုလို မီးသင်္ဂြိုဟ်ပစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသွားသူကျောင်းသားအများစုသည် အသက် ၁၇ နှစ်နှင့် ၂၂ နှစ်ကြားအရွယ်များဖြစ်ကြပြီး ပထမနှစ် စီးပွားရေးတက္ကသိုလ်မှ အများစုပါဝင်သည်ဟု ဆိုသည်။ သေဆုံးသူများစာရင်းကို အတိအကျမသိရသေးသော်လည်း ကိုဝေဖြိုး အသက်(၂၂)နှစ်၊ မခင်ချို အသက်(၁၇)နှစ်၊ မစန်းယုမော် အသက်(၁၈)နှစ်နှင့် မမေရီ အသက်(၁၇)နှစ်တို့ ပါဝင်ကြပြီး ၎င်းတို့အားလုံး စီးပွားရေး ပထမနှစ်ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။

အသုဘပို့မည့်နေ့တွင် ဆေးရုံကြီး ရင်ခွဲတိုက်မှ ပို့ဆောင်ရန် ကျောင်းသားများက ကြိုးစားခဲ့ကြသော်လည်း အာဏာပိုင်များက ခွင့်မပြုသဖြင့် ရုတ်ရုတ်သဲသဲဖြစ်ပွားခဲ့သေးကြောင်း သိရပြီး ယခုလို ကျောင်းသားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့သည့်သတင်းကို နအဖပိုင် မီဒီယာများ၊ ရေဒီယို၊ သတင်းစာများတွင် လုံးဝထုတ်ပြန်ဖော်ခြင်းမရှိဘဲ ရေငုံနှုတ်ပိတ်နေသည့်အပြင် သေဆုံးသွားခဲ့သူ ကျောင်းသားများအရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ကို မိဘအုပ်ထိန်းသူများထံသို့ သက်ဆိုင်ရာ ကျောင်းအာဏာပိုင်များမှ ယနေ့အချိန်ထိ အကြောင်းကြားခြင်း မရှိသေးကြောင်း သိရသည်။

ယခုလို တက္ကသိုလ်ကျောင်းသား အများအပြားသေဆုံးခဲ့သည့် အခင်းဖြစ်ပွားခဲ့မှုကို နအဖပိုင်မီဒီယာများက ဖုံးဖိထိန်ချန်နေခြင်းနှင့်ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားတဦးက "မြန်မာနိုင်ငံမှာ ဘဏ်ကိစ္စအကျပ်အတည်းနဲ့ ပြည်သူလူထုကြား လှုပ်လှုပ်ရှားရှား ဖြစ်နေတာရယ်၊ ကျောင်းသားထုကိုယ်တိုင်က မိမိတို့ကျောင်းသားများအခွင့်အရေး ဆုံးရှုံးနေတာကို မကျေမနပ်ဖြစ်နေလို့ရယ်၊ နအဖက အသုဘကိစ္စကို ဖုံးဖိထားပုံရကြောင်း" ပြောကြားခဲ့သည်။

အခြားကျောင်းသားတဦးက ဖြစ်ပွားခဲ့ရသည့် ယာဉ်တိုက်သေဆုံးမှုနှင့်ပတ်သက်၍ သုံးသပ်ပြောဆိုရာတွင် အာဏာပိုင်များအနေဖြင့် ကျောင်းသားများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်များ လုံလောက်စွာ ဖွင့်လှစ်မပေးနိုင်ခြင်း၊ တက္ကသိုလ်ကျောင်းများကို ရန်ကုန်မြို့အပြင်ဘက် ဝေးလံသည့်နေရာများတွင် ဖွင့်ထားသော်လည်း ကျောင်းကြို/ပို့ကားများ လုံလောက်မှုမရှိခြင်းတို့ကြောင့် ကျောင်းသားများ ယခုလို အခက်အခဲ အဖြစ်ဆိုးများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလို ရန်ကုန်မြို့ပြင် တက္ကသိုလ်များတွင် ပညာသင်ယူနေရသည့် ကျောင်းသားအများစုသည် ကျောင်းသားအခွင့်အရေး မရှိခြင်း၊ ကျောင်းသားအများအပြား မတော်တဆဖြစ်မှုနှင့် မကြာခဏ သေဆုံးနေရခြင်းများအား တရားဝင် သတင်းမထုတ်ပြန်ခြင်းစသည့် အရေးယူဆောင်ရွက်မှုများ မရှိသည့်အတွက် မကျေမနပ်ဖြစ်နေကြကာ တက္ကသိုလ်ဝင်းထဲတွင် စစ်အစိုးရဆန့်ကျင်ရေး စာပေ၊ ကဗျာနှင့် ကာတွန်းရုပ်ပြောင်များ ကပ်ပြီး လှုပ်ရှားမှုများ ပြုလုပ်နေကြောင်း ကျောင်းသားများ အဆိုအရ သိရသည်။

❖ ❖ ❖

# သတင်းတိုထွာ

## နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ဗိုလ်ချုပ်မှူးကြီး ဗီယက်နမ်သို့ သွားရောက်

မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်သမတ ထရန်ဒူးလူဝန်(Tran Duc Luong)၏ ဖိတ်ကြားချက်အရ သုံးရက်ကြာ တရားဝင်ခရီးစဉ် အဖြစ် ဗီယက်နမ်နိုင်ငံသို့ မတ်လ(၁၅)ရက်နေ့တွင် သွားရောက်ခဲ့သည်။

ယခုခရီးစဉ်သည် မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေးကို တိုးမြှင့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတဦး၏ ပြောဆိုချက်အရ နှစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာအမြင်များကို ဖလှယ်ကြမည်ဟု ဆိုသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၈ ခုနှစ် အာဆီယံနိုင်ငံများထိပ်သီးဆွေးနွေးပွဲတွင် ဗီယက်နမ်နိုင်ငံသို့ နောက်ဆုံးအကြိမ်သွားရောက်ခဲ့ခြင်းဖြစ်ပြီး ယခုခရီးစဉ်သည် ၎င်း၏ တတိယအကြိမ်မြောက် ဗီယက်နမ်နိုင်ငံခရီးစဉ်ဖြစ်သည်။

---

## စစ်သားသစ် စုဆောင်းရေး စစ်ဆင်

အရှေ့တောင်တိုင်းလက်အောက်ခံ ခမရ(၇၀၁)မှ (၇၁၀)အထိ နောက်တန်းတပ်ရင်း များအားလုံး လိုက်နာရန် တိုင်းစစ်ဌာနချုပ်က ညွှန်ကြားချက်တစောင် ထုတ်ပြန်လိုက် သည်။ ထိုညွှန်ကြားချက်တွင် တပ်သားသစ်စုဆောင်းရေးကို စစ်ဆင်ရေးတရပ်သဖွယ် အလေးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး လိုက်နာမှု ရှိမရှိအပေါ် မူတည်၍ အရာရှိများအား ရာထူးအဆင့်အတန်း တိုးမြှင့်ရေးကို ထည့်သွင်းစဉ်းစားသွား မည်ဟု ဆိုသည်။

ယင်းညွှန်ကြားချက်အရ တပ်ရင်းတရင်းသည် တလလျှင် တပ်သားသစ်(၆)ယောက် ထက်မနည်း စုဆောင်းပေးရမည်ဖြစ်ပြီး၊ သတ်မှတ်အရေအတွက်မပြည့်သော တပ်ရင်း များအား တပ်သားသစ်စုဆောင်းရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် မတ်လ(၅)ရက်နေ့ နောက်ဆုံးထား၍ စုဆောင်းပေးရမည်ဟု အဆိုပါအမိန့်တွင် ဖော်ပြ ထားသည်။

---

## တရုတ်နိုင်ငံမှ မြစ်ကြီးနားသို့ ကားလမ်းဖြင့် ဝင်ရောက်နိုင်ရန် စီစဉ်

ဖားကန့်ဒေသရှိ ကျောက်စိမ်းတွင်းများသို့ တရုတ်နိုင်ငံမှ ဧည့်သည်များ အလွယ် တကူ ဝင်ရောက်လေ့လာနိုင်ရေးအတွက် လိုက်ဇာဝင်ပေါက်မှ မြစ်ကြီးနားသို့ ကားလမ်း ခရီးဖြင့် ဝင်ရောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ကုမ္ပဏီတခုမှ တာဝန်ရှိသူတဦးက ဇန်နဝါရီပထမပတ်တွင် ပြောကြားခဲ့သည်။ အဆိုပါလမ်းမှ တရုတ်ဧည့်သည်များ ဝင် ရောက်ပါက အဆင်ပြေမှု ရှိမရှိကို တရုတ်နိုင်ငံ ထန်ချုန်းမြို့ရှိ ကုမ္ပဏီတခုမှ လေ့လာရေး အဖွဲ့တဖွဲ့ လွန်ခဲ့သောနှစ်ကုန်ပိုင်းက လာရောက်ခဲ့ပြီးဖြစ်သည်။ ယင်းလမ်းသည် နယ်စပ်မှ မြစ်ကြီးနားသို့ မိုင် ၃၀ ခန့်ရှိပြီး ယခုအခါ ဧည့်သည်များ ဝင်ရောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ မူဆယ်မှတဆင့် တရုတ်ဧည့် သည်များ ဝင်ရောက်နိုင်ရေးအတွက်ဆွေးနွေးနိုင်ရန် မြန်မာတိုး၊ ပါနိုရာမာနှင့် အေးရှ အိတ်စပရက်တို့အပါအဝင် ကုမ္ပဏီ (၈)ခုမှ လုပ်ငန်းများ၊ တာဝန်ရှိသူများ ဇန်နဝါရီ တတိယပတ်တွင် တရုတ်နိုင်ငံ ကူမင်းမြို့သို့ သွားရောက်ခဲ့ကြသည်။

---

## မကန်ဘဲ ရှုံးသည့် မြန်မာ့ဘောလုံး

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ(FIFA)က မြန်မာပြည်ရှိ ဘောလုံးကွင်းများ ပြုပြင် ရေးအတွက် ဒေါ်လာ(၄၀၀,၀၀၀)ထောက်ပံ့ခဲ့သည်ဟု သိရသည်။ ထိုထောက်ပံ့ငွေဖြင့် မန္တလေးရှိ အောင်မြေသာဇံဘောလုံးကွင်းအား ပြုပြင်မွမ်းမံပြီးစီးသွားပြီဖြစ်သည်။ သို့ သော် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် အာရှဇုံခြေစစ်ပွဲများ၌ အီရန်နှင့် ကစားရန် နီးကပ်လာချိန်မှ နအဖက မကစားနိုင်တော့ကြောင်း အကြောင်းပြန်ခဲ့သည့် အတွက် ဖီဖာက မြန်မာဘောလုံးအသင်းကို ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဖိုလ်လုပွဲအတွက် ခြေစစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ထားသည်။

---

## ဒေါ်အောင်ဆန်းစုကြည်အား ပုတ်ခတ် စော်ကားသူနှစ်ဦး ပြည်သူများလက်ရ ဖမ်းမိ

**မတ်၊ (၆) ရက်။**

ပြီးခဲ့သည့် မတ်လ (၂)ရက်နေ့က မြိတ်မြို့ ဈေးကြီးအတွင်း မသင်္ကာဖွယ်ရာ လူနှစ်ဦးကို ဈေးသူဈေးသားများက ဝိုင်းဝန်း ဖမ်းဆီးကြရာ ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပုတ်ခတ်ထားသည့် စာများ၊ ကာတွန်း ပုံများနှင့်အတူ လက်ရဖမ်းဆီးမိခဲ့ကြသည်။

ထိုနေ့ နံနက် (၅)နာရီအချိန်ခန့်က မြိတ်မြို့၊ မြို့သစ်ဈေးအတွင်း ဆိုင်ခန်းလာဖွင့် သူများက အဆိုပါမသင်္ကာသူ နှစ်ဦးကို ဝိုင်း ဝန်းဖမ်းဆီးခဲ့ကြခြင်းဖြစ်ရာ အဖမ်းခံရသူ နှစ်ဦးမှာ အောင်သာ အသက် (၃၁)နှစ်ဆို သူနှင့် မြင့်ကျော်အေး အသက်(၂၉)နှစ်တို့ ဖြစ်သည်။

၎င်းတို့နှင့်အတူ (A-4)ဆိုက် စက္ကူပေါ် တွင် ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ် လှောင်ပြောင်သရော်ထားသည့် ကာတွန်း သုံးမျိုးပါ စာရွက်များ ထည့်ထားသည့် အိတ် နှစ်လုံးကိုပါ ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။ ဈေးသူဈေးသားများက ဖမ်းဆီးမိသူနှစ်ဦး ကို မြို့သစ်ရပ်ရှိ အန်အယ်လ်ဒီရုံးသို့ ပို့ရန် ဆောင်ရွက်ခဲ့ကြသော်လည်း ဈေးကော်မတီ က ရယကရုံးကိုသာပို့ရန် ဖိအားပေးခဲ့သည့် အတွက် ရယကရုံးကိုသာ ပို့ဆောင်လိုက်ကြ ရသည်ဟု ဆိုသည်။

အဆိုပါသတင်း ကြားလျှင် ကြားချင်း မြို့သစ်ရပ် အန်အယ်လ်ဒီရုံး တာဝန်ရှိသူများ က ရယကရုံးကို လိုက်သွားခဲ့ကြရာ ၎င်းတို့ ကို တွေ့ဆုံမေးမြန်းခွင့်မပေးဘဲ မီးသတ် တပ်ဖွဲ့အင်အားသုံး၍ ရုံးကို ပိတ်ထားလိုက် သည်။ လာတွေ့သူများကိုလည်း ဟုံမ ၅(ည)နှင့် မငြိစွန်းလိုပါက ပြန်ကြရန် ဟန့်တားခြိမ်း ခြောက်ခဲ့သည်။ ည (၉း၀၀)နာရီအချိန်ခန့် တွင် အဆိုပါရုံးသို့ စစ်ထောက်လှမ်းရေး အမှတ်(၆)တပ်ရင်းမှ ဗိုလ်မှူးစန်းအောင်ဝင်း နှင့် ရဲအဖွဲ့ဝင်(၁၀)ဦး ကားနှင့် ရောက်ရှိ လာပြီး ဖမ်းဆီးထားသူနှစ်ဦးကို ခေါ်ဆောင် သွားခဲ့သည်။ အဆိုပါ ဖမ်းဆီးခံထားရသူ နှစ်ဦးနှင့်ပတ်သက်၍ ယနေ့အချိန်ထိ သတင်း ကွင်းဆက် ပျောက်ဆုံးနေကြောင်း သိရ သည်။ ထိုကိစ္စဖြစ်ပွားခဲ့ပြီးနောက်ပိုင်း မြိတ် မြို့သူမြို့သားများမှာ အလားတူ ပြုလုပ်သူ များ ရှိလာပါက ဖမ်းမိနိုင်ရေးအတွက် ရပ် ကွက်တိုင်းတွင် သတိထား စောင့်ကြည့်နေ ကြကြောင်း သိရသည်။ ❖

---

## မြန်မာဒုက္ခသည်များအတွက် ဥရောပကော်မရှင်မှ ယူရိုငွေ ၅ သိန်း လှူဒါန်း



ဒုက္ခသည်မိသားစုတစု

ဘယ်လ်ဂျီယံရှိ ဥရောပကော်မရှင်၏ လူသားချင်း စာနာထောက်ထားရေးရုံးမှ ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ မြန်မာ ဒုက္ခသည်များကို အခြေခံစားသောက်ကုန်နှင့် လောင်စာများအတွက် ယူရိုငွေ ၅ သိန်း ကူညီထောက်ပံ့မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသည့် ဒုက္ခသည်များ၏ နေထိုင်စားသောက်နေရမှု အခြေအနေသည် အလွန့်အလွန် ဆိုးဝါးနေ ပြီး ကြာရှည်စွာဖြစ်ပေါ်နေသော အာဟာရ ချို့တဲ့မှုနှုန်းမှာ မြင့်မားနေကြောင်း လေ့လာ တွေ့ရှိမှုအရ ယခုလို လှူဒါန်းရန် ဆုံးဖြတ်ခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၈၈ မှစ၍ ယခုအချိန်အထိ မြန်မာ နိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ပြေးရောက်ရှိ လာသော ဒုက္ခသည်အရေအတွက်မှာ တသိန်းခွဲခန့်ရှိသည်။

❖ ❖ ❖



မယ်လဒုက္ခသည်စခန်း တစိတ်တဒေသ

---

## အာဏာအလွဲသုံးစားပြု၍ လူထုကိုအနိုင်ကျင့် အဓမ္မရန်ပုံငွေကောက်ခံ

**မတ်၊(၂၄) ရက်။**

စစ်ကိုင်းတိုင်း တမူးမြို့ နမ်းဖာလုံဈေး တွင် တပ်မတော်နေ့ ကျင်းပရေးအတွက် ရန်ပုံငွေ အဓမ္မကောက်ခံနေရာ ငြင်းဆိုသူ များ၏ ဆိုင်ခန်းများကို အာဏာပိုင်များက ချိတ်ပိတ်သွားကြောင်း သိရသည်။

အဆိုပါရန်ပုံငွေကို တမူးမြို့နယ် မယကဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်မြင့်နှင့် ပေါင်း သင်းပြီး ဆိုင်ခန်းနေရာ ကောင်းကောင်း ရထားသူ ဦးတည်ရန်းဆိုသူက တာဝန်ယူ ကောက်ခံပေးနေခြင်းဖြစ်ပြီး ဆိုင်ခန်း တခန်းလျှင် အိန္ဒိယရူပီး ၆၀ (သို့မဟုတ်) မြန်မာကျပ်ငွေ ၁၀၀၀ သတ်မှတ်ခဲ့သည်။

သို့ရာတွင် ဘဏ်ငွေကြေးအကျပ်အတည်း ကြောင့် ဈေးအရောင်းအဝယ် မကောင်း သည့်အတွက် နမ်းဖာလုံဈေးဆိုင်ပိုင်ရှင်များ က ရန်ပုံငွေထည့်ရေးကို မကျေနပ်ကြသော် လည်း အရေးယူခံရမည် စိုးသဖြင့် မငြင်း ပယ်ရဲခဲ့ကြချေ။

သို့သော် တရုတ်နှင့် ထိုင်းပစ္စည်းများ ရောင်းချသည့် ဦးမိုးကောင်းဆိုသူက မထည့် နိုင်ကြောင်း ငြင်းဆိုခဲ့ရာ ရန်ပုံငွေတာဝန်ခံ ဦးတည်ရန်းက ရဲကို ချက်ချင်း အကြောင်း ကြား၍ ဝတ္တရားနှောင့်ယှက်မှုဖြင့် ဦးမိုး ကောင်းဆိုင်ခန်းအား ချိတ်ပိတ်ပစ်ခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ယခုရက်ပိုင်းအတွင်း ရောက်ရှိလာသည့် နအဖတပ်သားများကလည်း နမ်းဖာလုံဈေး အပြင်ဘက်နှင့် တမူးမြို့အတွင်း လှည့်လည်၍ ဘုရားပုံတော်များ၊ နအဖဝါဒဖြန့်ချိရေး စာ အုပ်များ အဓမ္မရောင်းချနေကြကြောင်း သိ ရသည်။

တမူး–မိုးရေး နယ်စပ်တာဝန်ကျ နစကဗိုလ် နေရဲမြင့်ဆိုသူကလည်း အထက် အရာရှိ ဗိုလ်မှူးသန်းနွယ်ဝင်းအမိန့်နှင့် ယခုလ(၂၀)ရက်နေ့တွင် ဖမ်းဆီးရမိခဲ့သည့် ကန့်သတ်ကုန်ပစ္စည်းများမှ သုံးပုံတပုံကိုသာ အထက်သို့ တင်ပြပြီး ကျန်ပစ္စည်းများအား ကလေးမြို့ပေါ်ရှိ ကားများနှင့် ချောဆွဲသယ် ဆောင်ပြီး အပြင်တွင် ရောင်းချခဲ့ကြောင်း တမူးကားဂိတ်ဝင်းနေ ဒေသခံတို့အဆိုအရ သိရသည်။

❖ ❖ ❖

---

## ဒဂုံတက္ကသိုလ်ဝင်းအတွင်း အဓမ္မကျင့်မှုဖြစ်ပွား

**မတ်၊ (၂၅)ရက်။**

မတ်လ(၁၄)ရက်နေ့ ညပိုင်းက ဒဂုံ တက္ကသိုလ်ဝင်းအတွင်း ဘူမိဗေဒဌာန အမျိုး သမီးအိမ်သာတွင်း ကျောင်းဆရာမတဦးကို အဓမ္မပြုကျင့်ခဲ့ကြောင်း ဆရာဆရာမအသိုင်း အဝိုင်း၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ဆရာမကို အမည်မသိသူ နှစ်ဦးက အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ယခုအခါ မြောက်ဥက္ကလာပဆေးရုံ ကြီးသို့ တင်ပို့ထားသည်ဟု ဆိုသည်။ ထိုသို့ ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ ကျောင်းတာဝန်ခံ များက အာဏာပိုင်များထံ တိုင်းကြားခဲ့သော် လည်း ယခုအချိန်အထိ တရားခံများကို ဖမ်း ဆီးမိခြင်းမရှိသေးကြောင်းနှင့် တရားခံများ သည် ကျောင်းသားလား၊ အပြင်အရပ်သား များလားဟူသည်ကိုလည်း ကွဲကွဲပြားပြား မသိရသေးဟု သိရသည်။

တက္ကသိုလ်များကို မြို့တွင်းမှ ဝေးသော နေရာများသို့ ရွှေ့ပြောင်းခဲ့ပြီးနောက်ပိုင်း ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများ သွားလာရေးအခက်အခဲ ကြုံ တွေ့နေရသည့်အပြင် ကျောင်းဝင်းများ အတွင်း အရက်ပုန်းရောင်းချမှုနှင့် လောင်းကစားဝိုင်းများပါ ပေါ်ပေါက်နေ ကြောင်း၊ မကြာခဏဆိုသလို ရာဇဝတ်မှု များဖြစ်ပွားနေကြောင်း သိရသည်။ ❖

**စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးဖြစ်မြောက်ရေးသည် အဓိက**

○ ရှေ့ဖုံးမှ

ခပ်သိမ်းတို့၏ ဇာတိဂုဏ်သိက္ခာနှင့်တကွ လူတိုင်းအညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်းတို့၏ လွတ်လပ်မှု၊ တရားမျှတမှု ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့်လည်းကောင်း လူ့အခွင့်အရေးများကို ပမာမထား မထီလေးစားပြုခြင်းသည် လူခပ်သိမ်းတို့၏ အကျင့်သိက္ခာကို ချိုးဖောက်ဖျက်ဆီးတတ်သည့် ရက်စက်ကြမ်းကြုတ်သော အပြုအမူများကို ဖြစ်ပေါ်စေသောကြောင့်လည်းကောင်း လူမှုခပ်သိမ်းတို့သည် တရားလက်လွတ် နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနှင့် ဖိစီးညှဉ်းပမ်းမှုတို့ကို နောက်ဆုံးမလွှဲမရှောင်သာ လက်နက်စွဲကိုင်ကာ တော်လှန်ခြင်း၊ ပုန်ကန်ခြင်းမပြုရန် လူ့အခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရမည်ဖြစ်သောကြောင့်လည်းကောင်း''ဟူ၍ ဖော်ပြပါရှိခဲ့ရာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ပြန်လည်ထွန်းကားလာရေးအတွက် ကျောင်းသားထုက စတင်ဦးဆောင်တိုက်ပွဲဝင်ခဲ့ကြသည်ကို အထိမ်းအမှတ်ဖြစ်စေခြင်းငှာ အသက်သွေးဖြင့် စတေးခဲ့ရသော မတ်လ(၁၃)ရက်နေ့ကို မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ဟု ဒီမိုကရေစီအင်အားစုများက သတ်မှတ်ခဲ့ကြသည်။

ကိုဖုန်းမော်ကျဆုံးသွားခဲ့သည်မှ (၁၅) နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ယခုအချိန်ထိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ မရရှိသေးချေ။ စစ်အာဏာရှင်များသည် နိုင်ငံသူနိုင်ငံသားများအပေါ် လူ့အခွင့်အရေးများ ဆက်လက်ချိုးဖောက်နေဆဲဖြစ်သည်။ ထို့အတူ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲဝင်နေသူများ၏ ကြိုးပမ်းမှုများလည်း ဆုံးခန်းတိုင်သည် မရှိသေးပါ။ စစ်အစိုးရသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ် ၁၉၊ ၂၀၊ ၂၁ တို့ကို ထောက်ခံကာကွယ်ရန် ကြိုးပမ်းအားထုတ်သူများကို ဆက်လက်ဖမ်းဆီးမှု နှိပ်စက်ညှဉ်းပမ်းမှုများ ပြုလုပ်နေဆဲပင်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးဆောင်ရွက်မှုများအတွက် ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်အပါအဝင် ဖမ်းဆီးခြင်းခံနေရသူ နိုင်ငံရေးအကျဉ်းသား(၁၃၀၀)ကျော် ရှိနေဆဲဖြစ်ပြီး အကျဉ်းထောင်အတွင်း နှိပ်စက်ညှဉ်းပမ်းမှုများကြောင့် အသက်စွန့်ခဲ့ရသူ (၈၂)ဦး ရှိပြီဖြစ်သည်။

❖ ❖ ❖

# ကလေးစစ်သားများ ထိုင်းနယ်စပ်သို့ အဆက်မပြတ် ထွက်ပြေးလျက်ရှိ

**မတ်၊ (၁၁) ရက်။ [မဇ္ဈိမ]**

နအဖစစ်တပ်က ကလေးစစ်သားများ အသုံးပြုမှုမရှိကြောင်း ငြင်းဆိုနေချိန်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၂)ရက်နေ့က ကယားပြည်နယ် နအဖရှေ့တန်းတပ်ရင်းတခုမှ ကလေးစစ်သားတဦး ထိုင်းနိုင်ငံ၊ မဲ့ဟောင်ဆောင်မြို့ နယ်စပ်သို့ ထွက်ပြေးလာခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်၊ ဘော်လခဲမြို့ အခြေစိုက် ခမရ(၅၃၁)တပ်ရင်း၊ တပ်ခွဲ(၄)မှ ကိုယ်ပိုင်အမှတ် တ–၂၂၄၄၆၀ တပ်သား အောင်မြင့်ဦး အသက်(၁၆)နှစ်သည် ၎င်းကိုင်ဆောင်သော (G-3)တလက်၊ ကျည်ဘောက် (၂)ချပ်၊ ကျည်(၃၆)တောင့်နှင့်အတူ ကရင်နီပြောက်ကျားတပ်ဖွဲ့ထံ ထွက်ပြေးရောက်ရှိလာသည်။

အဆိုပါ တပ်သားသည် တပ်စခန်းတွင်နေထိုင်စဉ်၌ ရိက္ခာဖူလုံမှုမရှိခြင်း၊ ဖျားနာသည့် အချိန်တွင် လုံလောက်သည့် ဆေးဝါးကုသမှုမရရှိခြင်း၊ လစာအပြည့်အဝ မရရှိခြင်း၊ အထက်အရာရှိများ၏ ရိုက်နှက်ခံရခြင်း စသည်တို့အပေါ် မကျေနပ်၍ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကရင်နီတပ်ဖွဲ့ထံ ပူးပေါင်းလာသည့် တပ်သားအောင်မြင့်ဦးသည် ရန်ကုန်မြို့၊ သာကေတတွင် နေထိုင်သူဖြစ်ပြီး (၇)တန်းထိ ပညာသင်ကြားခဲ့ကာ မိသားစု စားဝတ်နေရေးအတွက် မြိတ်မြို့၌ ငါးဖမ်းစက်လှေလိုက်စဉ် နအဖစစ်တပ်က ဖမ်းဆီးခြိမ်းခြောက်ခဲ့သည့်အတွက် စစ်တပ်ထဲ ရောက်ခဲ့ရခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

နိုင်ငံတကာ ကလေးစစ်သားအသုံးပြုမှုဆန့်ကျင်ရေးအဖွဲ့များနှင့် ချင်းမိုင်မြို့အခြေစိုက် (HREIB)ခေါ် လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)တို့က နအဖတပ်တွင် အသက်(၁၂)နှစ်အရွယ် ကလေးများအပါအဝင် ကလေးစစ်သား ၇၀,၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

နအဖ ရှေ့တန်းတပ်စခန်းများမှ လက်နက်များနှင့်အတူ ထွက်ပြေးလေ့ရှိသည့် စစ်သားများအား ပြန်လည်ဖမ်းမိလျှင် အများအားဖြင့် ဖမ်းဆီးရမိသည့်နေရာတွင်ပင် သေဒဏ်ပေးလေ့ရှိသည်ကို နအဖစစ်သားများ သိရှိထားသော်လည်း နအဖတပ်အတွင်း ယခုလိုတပ်ပြေးမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ❖

# တာဝန်ကျေစပါး မသွင်းနိုင်သော လယ်သမားများ ဖမ်းဆီးခံရ

**မတ်၊ (၁၅)ရက်။**

ရန်ကုန်တိုင်း တွံတေးမြို့နယ် အတွင်းရှိ နအဖအာဏာပိုင်များက တာဝန်ကျေစပါး မပေးသွင်းနိုင်ကြသော လယ်သမား (၅၀) ခန့်တို့အား ဖမ်းဆီးထားကြောင်းသိရှိရသည်။

အဆိုပါ လယ်သမားများအား တွံတေးမြို့တော်ခန်းမတွင် ဖမ်းဆီးထားပြီး ရေချိုးချိန်တွင် အနီးနားရှိ ချောင်းထဲ၌ ရေချိုးစေပြီး၊ ထမင်းဟင်းများကိုလည်း မိမိတို့အိမ်မှ နေ့စဉ်ပို့ပေးရကြောင်း သိရသည်။ အာဏာပိုင်များနောက်ဆုံး သတ်မှတ်ထားသည့်ရက်အတွင်း တာဝန်ကျေစပါး မပေးသွင်းနိုင်ပါက လယ်သမားများကို ယခုလို ထောင်ဒဏ်အပြစ်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ပိုင်လယ်မြေများကိုပါ သိမ်းယူမည်ဖြစ်ကြောင်း အာဏာပိုင်တို့က ဆိုသည်။

အလားတူစစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်နှင့် ရေဝတီတိုင်း၊ သာပေါင်းမြို့နယ်များတွင်လည်း တာဝန်ကျေစပါး မပေးသွင်းနိုင်သော လယ်သမားများ၏ အိမ်များသို့ အတင်းဝင်ရောက်၍ ပစ္စည်းများသိမ်းယူပြီး၊ လူများကိုပါ ဖမ်းဆီးသွားခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ လယ်သမားများမှာ ယခုနှစ်တွင် ရာသီဥတု ဘေးအန္တရာယ်များကြုံတွေ့ခဲ့ကြရ၍ စပါးအထွက်မကောင်းခဲ့ရာ အာဏာပိုင်များက ယခုလိုဖိနှိပ်မှုများ ထပ်ဆင့်ပြုလုပ် နေသည့်အတွက် အားကိုးရာမရှိဘဲ အနိုင်ကျင့်သမျှ ငုံ့ခံနေရကြောင်း သိရသည်။

❖ ❖ ❖

# မူဆယ်၊ နမ့်ခမ်းရှိ လယ်သမားများ တာဝန်ကျေစပါးရောင်းရန် အဓမ္မ ခိုင်းစေခြင်းခံရ

**မတ်၊ (၁၃) ရက်။**

ပလောင်နှင့် ကချင်လူမျိုးများ အများဆုံးနေထိုင်ကြသော ရှမ်းပြည်မြောက်ပိုင်း မူဆယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်သမားများသည် ၂၀၀၂–၂၀၀၃ ခုနှစ် စိုက်ပျိုးရေးရာသီအတွက် စိုက်ပျိုးထားသော စပါးများကို စပါးဒိုင်များသို့ ရောင်းချပေးရန် အတင်းအဓမ္မ သဘောတူ လက်မှတ်ရေးထိုးစေခြင်း ခံခဲ့ရသည်ဟု သိရှိရသည်။

အပြင်ပေါက်ဈေး တတင်းလျှင် ၂၇၀၀ မှ ၃၀၀၀ ကျပ်အကြားရှိနေချိန်တွင် စပါးဒိုင်များသို့ တတင်းလျှင်(၃၆၀)ကျပ်နှင့် တဧကလျှင် (၈)တင်းနှုန်း ရောင်းချပေးရမည် ဖြစ်သည်။

ထို့အပြင် ယခုနှစ် စပါးထွက်ရှိမှုနှုန်းမှာ ထောက်ပံ့'ရေ'မလုံလောက်မှုနှင့် ဓာတ်မြေဩဇာ မပံ့ပိုးနိုင်မှုကြောင့် အလွန် နိမ့်ကျလျက်ရှိသည်။ ဓာတ်မြေဩဇာတအိတ်၏ ဈေးနှုန်းမှာ (၁၀,၀၀၀)ကျပ်ကျော်ဖြစ်သည်။

အချို့လယ်သမားများမှာ ယခုနှစ်ကောက်ရိတ်ပြီးချိန်တွင် လက်ကျန်စပါးမရှိတော့ဘဲ စပါးရောင်းချရန် အတင်းအဓမ္မ လက်မှတ်ရေးထိုးထားရသဖြင့် အပြင်ပေါက်ဈေးအတိုင်း ဝယ်ရပြီး စပါးဒိုင်သို့ပေးသွင်းရသည်ဟု သိရသည်။ အကယ်၍ သတ်မှတ်စပါးမပေးသွင်းနိုင်ပါက ၎င်းတို့ လက်မှတ်ရေးထိုးထားရသော စပါးတင်းအရေအတွက်အတိုင်း ငွေကြေးကို အပြင်ပေါက်ဈေးဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း နမ့်ခမ်းမှပြန်လာသော စပါးကုန်သည်တဦး၏ ပြောဆိုချက်ကို ကိုးကား၍ (PYNG) သတင်းတွင် ဖော်ပြထားသည်။ ❖



# ကရင်ပြည်နယ်အတွင်း အခမဲ့ခိုင်းစေမှုများ လနှင့်ချီ ရှိနေ

**မတ်၊ (၁၂)ရက်။ [NMG]**

အိုင်အယ်အိုအဖွဲ့ ကိုယ်စားလှယ်က မြန်မာစစ်အစိုးရ၏ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များ လုံလောက်မှုမရှိကြောင်း ပြောဆိုနေဆဲမှာပင် ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်းရှိ ကျေးရွာပေါင်း (၁၉)ရွာမှ ရွာသားများအား နအဖစစ်တပ်က လုပ်အားခမပေးဘဲ ကားလမ်းဖောက်လုပ်ရေးတွင် လနှင့်ချီ၍ ခိုင်းစေလျက်ရှိကြောင်းသိရသည်။

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ဖာပွန်မှ ကူးဆိပ်ကျေးရွာအထိ (၉)မိုင်ခန့် ရှည်လျားသည့်လမ်းကို ကတ္တရာလမ်း ဖောက်လုပ်ခြင်း၊ ကားလမ်းဝဲယာ ကိုက်(၁၀၀) စီ ရှင်းလင်းခြင်း၊ ကားလမ်းနံဘေး ရေနုတ်မြောင်း ဖောက်လုပ်ခြင်းနှင့် (၇)မိုင်ခန့် ရှည်လျားသော ဖာပွန်မှ တံခွန်တိုင်ရွာသို့ အရန်လမ်းဖောက်လုပ်ခြင်းတို့အတွက် ဖာပွန်မြို့နယ်အတွင်းရှိ မယ်ကလောနှင့် မတ်ထောကျေးရွာအုပ်စုရှိ ကျေးရွာ (၁၉)ရွာမှ ရွာသားများ (အမျိုးသမီး ၃၂၂၇ ဦးနှင့် အမျိုးသား ၂၇၁၆ ဦး၊ စုစုပေါင်း ၅၉၄၃ ဦး) ကို လွန်ခဲ့သည့် နိုဝင်ဘာလမှစ၍ ဖေဖော်ဝါရီလကုန်အထိ အခမဲ့ခိုင်းစေခဲ့သည်ဟု သိရသည်။

ဖာပွန်ခရိုင် ကရင့်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိသူတဦး၏စာရင်းအရ လမ်းဖောက်လုပ်ရာတွင် ပါဝင်သောရွာသားများ၏ပြောဆိုချက်ကို ကိုးကား၍ ဖော်ပြထားရာ လမ်းဖောက်လုပ်ရေးကိစ္စကို ဗိုလ်မှူးမြင့်ဝင်းအောင်က တာဝန်ယူလျက်ရှိပြီး တာဝန်ခံမှာဗျူဟာမှူး ဗိုလ်မှူးကြီး ခင်ကြူဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သည့် ဇန်နဝါရီလ အတွင်းက အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်တင်အေး လုပ်ငန်းခွင်သို့ လာရောက်ခဲ့စဉ်က လုပ်သားများအား တနေ့ကို ၅၀၀ ကျပ်ပေးပါတယ်ဟု ဗိုလ်မှူးမြင့်ဝင်းအောင်က ပြောကြားခဲ့သည်။

ကတ္တရာလမ်းခင်းနေသည့် ဖာပွန်–ကူးဆိပ်လမ်းတွင် နအဖတပ်ရင်းများဖြစ်သည့် ခလရ(၁၉)၊ ခမရ(၃၄၀)၊ ခမရ(၃၄၁) နှင့် ခမရ(၄၃၄) တပ်ရင်းစခန်းများ တည်ရှိနေသည့်အတွက် အရပ်သားများ အသုံးပြုရန် ဖာပွန်မှ တံခွန်တိုင်ကျေးရွာသို့ အရန်လမ်းအဖြစ် (၇)မိုင်ခန့်ရှည်လျားသော သီးခြားမြေလမ်းတခုကိုလည်း ဖောက်လုပ်နေရကြောင်းနှင့် လမ်းဖောက်လုပ်ပြီးစီးမှုမှာ ယခုချိန်ထိ တဝက်ခန့်သာရှိသေးပြီး မိုးကျသည့်တိုင် ပြီးနိုင်ခြေမရှိသေးကြောင်း ရွာသားများအဆိုအရ သိရသည်။

လုပ်အားပေးခိုင်းစေခံရသော ရွာသားများမှာ ကားလမ်းဖောက်လုပ်ခြင်းသာမက စစ်စခန်းများအတွက် တံမြက်လှည်း၊ ဝါးထမ်း၊ ဖက်ခူးခြင်းတို့ကိုလည်း လနှင့်ချီ၍ လုပ်ဆောင်ပေးနေရသည့်အတွက် ရွာသားများမှာ မိမိတို့ကိုယ်ပိုင်လုပ်ငန်းများ မလုပ်ကိုင်နိုင်တော့ဘဲ အခက်အခဲကြုံတွေ့နေကြရကြောင်း သိရသည်။

❖ ❖ ❖

မိုးကြီး သတင်းစဉ်
သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BiNA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း

မိုးကြီး ပရိတ်သတ်များသို့ ...

"တောင်းပန်အပ်ပါသည်"

မိုးကြိုးသတင်းစဉ်အမှတ်(၃၆)၏ ရှေ့မျက်နှာဖုံးတွင်ပါရှိသည့် နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်၏ ခုနှစ်သက္ကရာဇ်ကို "၁၉၉၇"ဟုလည်းကောင်း၊ နောက်ကျောဖုံးစာမျက်နှာပါ "မှန်ကန်မှုမရှိသည့် တရားစီရင်ရေး"သတင်းဖော်ပြချက် စာကြောင်းရေ(၃)တွင် ထောင်ဒဏ်"(၇)နှစ်" အစား "(၇)ရက်"ဟုလည်းကောင်း၊ CRPP အဖွဲ့၏ ဇယားတွင် "ဥက္ကဌ"စာလုံးများ မှားယွင်းခဲ့သည်ကိုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်။

မိုးကြီး သတင်းစဉ်

# "ဆွေးနွေးရေး" ကိစ္စများအပေါ် ဒေါ်အောင်ဆန်းစုကြည်၏အမြင်



**မတ်၊ (၁၅)ရက်။**

နအဖနှင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းရန် ထိုင်းနိုင်ငံက ကြားဝင်စေ့စပ်ပေးမည်ဟု သတင်းများထွက်ပေါ်နေချိန်တွင် နအဖပြောရေးဆိုခွင့်ရှိသူတဦးက စစ်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစု စစ်ရေးမဟာမိတ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ တဖွဲ့ချင်းအနေနှင့်သာ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဗွီအိုအေ အသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် "ကျမကတော့ ဆွေးနွေးတယ်ဆိုတာဟာ အမြဲတမ်းကောင်းတဲ့ကိစ္စလို့ ကျမဘက်ကတော့ ဒီလိုပဲယူဆတယ်။ ကိုယ့်အချင်းချင်း နားလည်မှုလွဲနေရင် ဆွေးနွေးပွဲဖြစ်ဖို့ လိုတယ်။ ကိုယ့်အချင်းချင်း မတည့်လို့ရှိရင် အချင်းချင်းကြားမှာ ပြဿနာတွေရှိလို့ရှိရင် ပိုပြီးတော့ ဆွေးနွေးဖို့ လိုတယ်။ အဲဒီတော့ ဆွေးနွေးဖို့ဆိုတာဟာ အဓိကဆွေးနွေးပြီး ပြဿနာတွေ ဖြေရှင်းဖို့ဆိုတာ ပိုပြီးတော့ အရေးကြီးပါတယ်။ ပြီးတော့ ကျမအမြင်မှာတော့ တိုင်းပြည်ပေါ်မှာ တကယ်စေတနာရှိတယ်ဆိုလို့ရှိရင် ဆွေးနွေးပွဲဖြစ်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ အဓိက စဉ်းစားရမှာပါ။ မဆွေးနွေးရအောင်လို့ ဘယ်လိုဆင်ခြေတက်ရမလဲဆိုတာကို စဉ်းစားစရာကိစ္စမဟုတ်ပါဘူး"ဟု ပြောဆိုသွားသည်။

ထိုမေးမြန်းခန်းတွင်ပင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေးအခြေအနေနှင့်ပတ်သက်၍ ပြောကြားခဲ့ရာတွင် "ကျမကတော့ ယုံကြည်ပါတယ်၊ ဒီလမ်းပဲ သွားရမှာပဲ၊ ဆွေးနွေးပွဲလမ်းပဲ သွားရမှာပဲ။ ဒါပေမယ့် ဒီလမ်းကို ရှည်လေလေ ကျမတို့နိုင်ငံ ခံရလေလေပါပဲ။ အခုဆိုရင် ကျမတို့နိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေမကောင်းပါဘူး။ အဲဒီတော့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို ရဲရဲဝံ့ဝံ့နဲ့ ပြတ်ပြတ်သားသား အမြန်ဆုံးလုပ်ဖို့ လိုပါတယ်"ဟု ပြောကြားသွားသည်။ ❖

# နအဖ၏ ကတိချိုးဖောက်မှုအပေါ် စိတ်ပျက်၍ မစ္စတာ ပင်ဟေးရိုး မြန်မာနိုင်ငံမှ အချိန်မတိုင်မီထွက်ခွာ

**မတ်၊ (၂၄–၂၆)ရက်။**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ စုံစမ်းစစ်ဆေးရန် ရောက်ရှိနေသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယို ပင်ဟေးရိုးသည် နိုင်ငံရေးအကျဉ်းသားများနှင့်တွေ့ဆုံနေစဉ် အသံဖမ်းစက်တလုံးနှင့် ခိုးယူအသံသွင်းထားသည်ကို တွေ့ရှိသွားသည့်အတွက် ခရီးစဉ်ကို ရုတ်တရက် ဖျက်သိမ်းလိုက်ပြီး မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ယခုခရီးစဉ်အတွင်း မစ္စတာပင်ဟေးရိုးသည် အဲန်အယ်လ်ဒီပါတီမှ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ပထမတကြိမ်တွေ့ဆုံနိုင်ခဲ့ပြီး နအဖထိပ်ပိုင်း ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံနိုင်ခဲ့သည်။

မစ္စတာပင်ဟေးရိုးသည် မတ်လ(၂၂) ရက်နေ့က အင်းစိန်အကျဉ်းထောင်အတွင်း ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်း အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားများနှင့် သီးသန့်တွေ့ဆုံမေးမြန်းနေစဉ် စားပွဲခုံအောက်၌ ကြိုးမဲ့မိုက်ကရိုဖုန်းတလုံးနှင့် ခိုးယူအသံသွင်းထားသည်ကို တွေ့ရှိခဲ့ရသည့်အတွက် စိတ်ဆိုးမာန်ဆိုးဖြစ်ကာ မြန်မာနိုင်ငံမှ ယခုလို ရုတ်တရက် ပြန်လည်ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါအဖြစ်အပျက်နှင့်ပတ်သက်၍ မစ္စတာပင်ဟေးရိုးမှ မတ်လ(၂၄)ရက်နေ့တွင် ရန်ကုန်မြို့ရှိ UNDP ရုံး၌ သတင်းစာရှင်းလင်းပွဲတခုပြုလုပ်ခဲ့ပြီး ၎င်းအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ စစ်အာဏာပိုင်များကို အကြောင်းကြားခဲ့သည့်အပြင် ကုလသမဂ္ဂရုံးချုပ်သို့လည်း ချက်ချင်းအကြောင်းကြားခဲ့ကြောင်း၊ နအဖအနေဖြင့် လုပ်ရိုးလုပ်စဉ်များကို ဖောက်ဖျက်ခဲ့သည့်အတွက် စိတ်ဆိုးသည့်အပြင် စိတ်မကောင်းလည်းဖြစ်ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလိုပြန်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထိုကိစ္စအတွက် နအဖစစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ ထိုကြေညာချက်တွင် မိမိတို့အစိုးရအနေဖြင့် မစ္စတာပင်ဟေးရိုး၏ မြန်မာနိုင်ငံအတွင်း လာရောက်ခဲ့သည့် ခရီးစဉ်များအားလုံးတွင် ၎င်းကိုယ်တိုင် အသိအမှတ်ပြုရသည်အထိ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ မတ်လ(၂၂)ရက်နေ့က အင်းစိန်ထောင်တွင် ဖြစ်ပွားခဲ့သည့် မလိုလားဖွယ်ရာဖြစ်ရပ်သည် အစိုးရက တာဝန်ပေးပြီး တမင်ကြံရွယ် လုပ်ဆောင်ခဲ့ခြင်း မဟုတ်ကြောင်း၊ ထိုဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဆိုသည်ကို မစ္စတာပင်ဟေးရိုး မြန်မာနိုင်ငံမှ မထွက်ခွာခင်မှာပင် ကတိပေးခဲ့ပြီး ထိုသို့ဖြစ်ပွားခဲ့ရသည့်အပေါ် မိမိတို့က လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပါကြောင်း ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

မစ္စတာပင်ဟေးရိုးအနေဖြင့် မူလစီစဉ်ထားသည့်ရက်ထက်စော၍ ပြန်သွားခဲ့သော်လည်း ယခုဖြစ်ရပ်ကြောင့် လက်ရှိပူးပေါင်းမှုအနေအထား ထိခိုက်သွားမည်ကို နှစ်ဘက်စလုံးမှ မလိုလားသည်ကို သိရကြောင်း စစ်အုပ်စုနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။



**ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ ပေါ်လိုဆာဂျီယို ပင်ဟေးရိုး**

မစ္စတာပင်ဟေးရိုးသည် မတ်လ(၃၁) ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ ကျင်းပမည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မရှင်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် လူ့အခွင့်အရေးအခြေအနေများကို အစီရင်ခံ တင်သွင်းသွားမည် ဖြစ်သည်။

❖ ❖ ❖

# ဘဏ်အကျပ်အတည်းကြောင့် လုပ်ငန်းများ ရပ်ဆိုင်း ငွေကြေးပြတ်လပ်မှုဒဏ် ပြည်သူများ ခံနေရ

**မတ်၊ (၁၂)ရက်။**

ဖေဖော်ဝါရီလလယ်မှစတင်၍ ဖြစ်ပေါ်လာခဲ့သော မြန်မာဘဏ်များ အကျပ်အတည်းသည် ယခုအချိန်ထိ ပြေလည်မှု မရှိသေးဘဲ ဖြစ်နေရာ ငွေကြေးပြဿနာကြောင့် ရန်ကုန်မြို့တွင် ကျပ်ငွေစက္ကူများ ရှားပါးလာကာ အရောင်းအဝယ်များလည်း ထက်ဝက်နီးပါးခန့် လျော့ကျသွားပြီး အချို့လုပ်ငန်းများ ရပ်ဆိုင်းကုန်ကြောင်း သိရသည်။

ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်သမားများ အလုပ်ရပ်ဆိုင်းခြင်းခံနေရပြီး နိုင်ငံခြားငွေလဲလှယ်သည့် ကောင်တာအချို့လည်း ရပ်ဆိုင်းသွားခဲ့ကြောင်း ရန်ကုန်မြို့ခံ ပြည်သူတဦးက ဆိုသည်။

ယခုအချိန်ထိ ဘဏ်မှ ငွေထုတ်ယူရန်အတွက် လူများသည် နံနက်(၅)နာရီအချိန်ခန့်ကစ၍ တန်းစီနေရခြင်းများ ဆက်လက်ရှိနေပြီး ငွေစက္ကူရှားပါးလာမှုအပေါ် လူထုကြားတွင် ကောလာဟလသတင်း အမျိုးမျိုးထွက်ပေါ်နေရာ အစိုးရတွင် ငွေစက္ကူရိုက်နှိပ်ရန်အတွက် စက္ကူနှင့်မင်ပါ ပြတ်လပ်နေပြီဖြစ်ကြောင်း ပြောဆိုနေကြသည်။

ဘဏ်လုပ်ငန်းများ အကျပ်အတည်းတွေ့နေရသည့်အတွက် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်သမားများအား လုပ်ခလစာ အပြည့်အဝ မပေးနိုင်သည့် ပြဿနာများ ပေါ်ပေါက်လာပြီး ပုဂ္ဂလိကလုပ်ငန်း အသေးစားလေးများ ရပ်ဆိုင်းသွားခဲ့ရသည်။ အချို့လုပ်ငန်းများမှာ ဘဏ်များက ယူထားသည့် ချေးငွေများ သတ်မှတ်ကာလမပြည့်မီ အမြန်ပြန်လည်တောင်းယူနေခြင်းကြောင့် လုပ်ငန်းများ ချိတ်ပိတ်လိုက်ရသည်အထိ ကြုံတွေ့ခဲ့ရပြီး ပြည်သူလူထုအများစုမှာ ငွေကြေးရှားပါးမှုကြောင့် ကုန်ဈေးနှုန်းကျဆင်းခဲ့သော်လည်း နေ့စဉ်စားဝတ်နေရေးပြဿနာကို ယခင်ကထက် ပိုမိုခက်ခဲစွာ ရင်ဆိုင်နေကြရသည်။





ဒီမိုကရေစီမရှိတဲ့အခါကျတော့ အားလုံးကနေ ဝိုင်းပြီးတော့ ကိုယ့်တိုင်းပြည်အတွက် ကိုယ်တတ်နိုင်သမျှ ဉာဏ်စွမ်းရှိသမျှ ကူညီဖို့တောင်မှ ခက်နေပါတယ်။

ထိုသို့ကြုံတွေ့နေရသည့် မူလအရင်းခံ ဘဏ်အကျပ်အတည်းအခြေအနေနှင့် ပတ်သက်၍ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီအသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့ရာ၌ "ဒီလိုဘဏ် ကမောက်ကမတွေဖြစ်တယ်၊ ဘဏ်လုပ်ငန်းတွေ ကမောက်ကမဖြစ်တယ်ဆိုတဲ့အဖြေက.... အဖြေတွေက များလွန်းလို့ ကျမတို့ တိတိကျကျ ဘယ်လိုဖြစ်တယ်ဆိုတာကို အခုအထိ မသိနိုင်သေးပါဘူး။ အဲဒါကလည်း ပွင့်လင်းမှုမရှိလို့၊ Transparency မရှိလို့ပေါ့။ ကျမတို့နိုင်ငံမှာ ပွင့်လင်းမှုမရှိတဲ့အခါကျတော့ ပြဿနာတခုက သေသေချာချာ နက်နက်နဲနဲ လေ့လာသုံးသပ်နိုင်တဲ့အခြေအနေ မရှိပါဘူး။

ကျမတို့ အခုစဉ်းစားရမှာက ဘာဖြစ်လို့ ဒီဘဏ်ပြဿနာဟာဖြစ်သလဲ၊ ဒီပြဿနာဟာ ဘယ်လောက်ကြာကြာ ဆက်ပြီးဖြစ်ဦးမှာလဲ ဒီထင်ကြေးတွေကတော့ အမျိုးမျိုးပေါ့၊ တချို့ကတော့ ဒီဘဏ်ပြဿနာဖြစ်လို့ပဲ၊ အဲ.... ကုန်ဈေးနှုန်းတွေက နည်းနည်းကျသွားလို့ စီးပွားရေး ပြန်ပြီးတော့များ ကောင်းမလားလို့ ခပ်ပေါ့ပေါ့ တွေးထားတဲ့သူတွေလည်း ရှိပါတယ်၊ အဲဒီလိုလည်း မဖြစ်နိုင်ဘူးဆိုတာ ကျမတို့ သိပါတယ်။

အဲဒီတော့ ဒီပြဿနာက ဘာဖြစ်လို့ဖြစ်လာတာလဲ၊ ပြဿနာရဲ့ ဇစ်မြစ်က ဘာလဲ၊ ဘယ်လိုဖြေရှင်းမလဲဆိုတာကို ကျမတို့ အားလုံးကနေပြီးတော့ ဒါ စဉ်းစားဖို့ လိုပါတယ်။ ဒီလို ဒီမိုကရေစီအသိုင်းအဝိုင်းမှာဆိုလို့ရှိရင် ဒီလိုအခြေအနေမျိုးဟာ ပညာရှင်တွေကနေပြီးတော့ အားလုံးဝိုင်းပြီးတော့ အဖြေရှာဖို့ အခြေနေမျိုးရှိမှာပါ။ ဒီမိုကရေစီမရှိတဲ့အခါကျတော့ အားလုံးကနေ ဝိုင်းပြီးတော့ ကိုယ့်တိုင်းပြည်အတွက် ကိုယ်တတ်နိုင်သမျှ ဉာဏ်စွမ်းရှိသမျှ ကူညီဖို့တောင်မှ ခက်နေပါတယ်"ဟု ပြောကြားသွားသည်။

အခြားသတင်းတရပ်တွင် နအဖက ပုဂ္ဂလိကဘဏ်များမှ ငွေချေးလုပ်ကိုင်နေသည့် အစိုးရစီမံကိန်းကြီးများ လုပ်ခွင့်ရထားသည့် ကုမ္ပဏီကြီးများအား (လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံနှင့် လေယာဉ်ကွင်းများ) ဗဟိုဘဏ်မှ ချေးငွေဘီလျံ ရာနှင့်ချီပြီး ထုတ်ပေး၍ ထိုကုမ္ပဏီကြီးများက ရရှိသည့် ချေးငွေများကို ကြွေးရှင်ဘဏ်များသို့ ပြန်ဆပ်စေကာ ပုဂ္ဂလိကဘဏ်များ ပြန်လည်ရှင်သန်ရေးကို စီမံကိန်းချ လုပ်ဆောင်နေကြောင်း သိရှိရသည်။

❖ ❖ ❖